★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၆၃/၂၀၀၇

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်။



"××× ကျမတို့ဟာ ပြန်လည်ပြီးတော့ သင့်မြတ်ချင်တဲ့စိတ်ဓါတ်တွေ၊ ဆွေးနွေးချင်တဲ့စိတ်ဓါတ်တွေ၊ တနိုင်ငံလုံးမှာ အားလုံးသွေးစည်းချင်တဲ့ စိတ်ဓါတ်တွေ နည်းနည်းလေးမှ လျော့မသွားပါဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှလည်း ပုဂ္ဂိုလ်ရေးအရ ကျမတို့အာဃာတ မထားပါဘူး။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ဟာ အရေးကြီးဆုံးပါဘဲ။ ကျမတို့အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးအဖွဲ့နဲ့ပဲဖြစ်စေ၊ ဘယ်အဖွဲ့အစည်းနဲ့ပဲဖြစ်စေ၊ လက်တွဲဖို့ရာ လုံးလုံးဝန်မလေးပါဘူး။ နိုင်ငံအတွက်ဆိုရင် ဘယ်သူနဲ့မဆို ကျမတို့ လက်တွဲနိုင်ပါတယ် ×××"

ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၆)လနဲ့(၁၃)ရက်ရှိသွားပါပြီ။

(၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့၊ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၌ ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)

## ယနေ့ သတင်းများ

၁။ ကုလသမဂ္ဂ၏ကြိုးပမ်းမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်အကောင်းဘက်ကရှုမြင်
၂။ ၈၈ မျိုးဆက်ကျောင်းသားများ ဒေါ်စုရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြေညာချက်ကို ထောက်ခံ
၃။ ဆန္ဒပြမှုနှင့် တရားစွဲချက်များ အစိုးရ၏ ပေါ်လစီအမှုဟု တရားရုံးချုပ်ရှေ့နေတဦး ဝေဖန်
၄။ တက္ကသိုလ်ကျောင်းသားတချို့ ပျောက်ဆုံးနေ
၅။ ဒေါ်စု၏ ကြေညာချက်နှင့် ပါတ်သတ်ပြီး အမ်တီစီအဖွဲ့ဝင်များ၏ ထောက်ခံကြေညာချက်
၆။ ဆန္ဒပြသူများကိုဖမ်းဖို့ လူဆိုးလူမိုက်များကို ငွေပေးငှားနေ
၇။ ကုလ လူ့အခွင့်အရေးသံတမန် မြန်မာနိုင်ငံသို့ ရှေ့သီတင်းပတ်မှာ သွားမည်
၈။အဖွဲ့ချုပ်ခေါင်းဆောင်တချို့ကိုဂမ်ဘာရီနဲ့တွေ့ဖို့စစ်အစိုးရကနေပြည်တော်ကဖိတ်ခေါ်
၉။ တိုင်းပြည်ရဲ့ ပြဿနာတွေကို စစ်အစိုးရက တကယ်ဖြေရှင်းလိုတဲ့ဆန္ဒမရှိလို့ အတိုက်အခံအင်အားစုများပြောကြား
၁၀။ တိုင်းပြည်အကျိုးအတွက် စစ်အစိုးရနဲ့ ပူးပေါင်း ဆောင်ရွက်ဖို့ ဒေါ်အောင်ဆန်းစုကြည်ဖက်က အဆင်သင့်ရှိနေ
၁၁။ ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထားနှင့်ပတ်သက်ပြီး အန်အယ်လ်ဒီ ကြေညာချက်ထုတ်
၁၂။ ကချင်ပြည်နယ် အန်အယ်လ်ဒီ ဒုဥက္ကဌ ဦးနေဝင်းထောင် (၂)နှစ် ချခံရ
၁၃။ အန်အယ်လ်ဒီခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်အတွင်း ပထမဆုံး တွေ့ခွင့်ရ
၁၄။ မိုလ်ချုပ်မှူးကြီးသန်းရွှေရုပ်ပုံမှာ အမျိုးသမီးအတွင်းခံ ဘောင်းဘီများ အုပ်ထားခြင်းခံရ
၁၅။ ကြခတ်ပိုင်းဆရာတော်ကို အကြည်အညိုပျက်ပြီးကျောင်းတိုက်က သံဃာတော်များကို ဆွမ်းမလောင်းကြတော့
၁၆။ မြန်မာ့ဒီမိုကရေစီရေးအတွက်အနုပညာရှင်များဆက်လက်တိုက်ပွဲဝင်သွားမည်
၁၇။ ပခုက္ကူသံဃာတွေကို မေတ္တာပို့လမ်းလျှောက်ဖို့ စာကပ်တိုက်တွန်း
၁၈။ အဖမ်းအဆီးကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများကို ဒုက္ခသည် လက်မှတ်ရရှိရန် ကူညီဆောင်ရွက်ပေး
၁၉။ ထွက်ပြေးတဲ့ ရဲက ပြေး၊ သတ်သေတဲ့ ရဲက သတ်သေ

## ကုလသမဂ္ဂ၏ ကြိုးပမ်းမှုအပေါ် ဒေါ်အောင်ဆန်းစုကြည် အကောင်းဘက်က ရှုမြင်

*အာအက်ဖ်အေ၊ ၉ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာနိုင်ငံအမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် စစ်အစိုးရနဲ့ ဒီမိုကရေစီအင်အားစုတွေအကြား ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ကြိုးပမ်းမှုအပေါ်မှာ အကောင်းဖြစ်လာလိမ့်မယ်လို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်ထားကြောင်း NLD ပါတီ ထိပ်တန်းခေါင်းဆောင်တွေက ဒီကနေ့ နိုဝင်ဘာ (၉)ရက်နေ့မှာ ပြောကြား လိုက်ပါတယ်။

စစ်အစိုးရက NLD ပါတီ ဥက္ကဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးညွန့်ဝေနဲ့ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းတို့ကို နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဒီကနေ့တွေ့ခွင့်ပေးလိုက်ပြီးတဲ့နောက် ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက အခုလိုပြောကြားလိုက်တာ ဖြစ်ပါတယ်။

တနာရီလောက်တွေ့ဆုံခဲ့ချိန်အတွင်း ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်ခေါင်းဆောင်တွေအနေနဲ့အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို လုပ်ဆောင်သွားလိမ့်မယ်လို့ယုံကြည်ကြောင်း ပြောဆိုခဲ့တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီခေါင်းဆောင်တွေဟာ ရန်ကုန်မြို့ အစိုးရ ဧည့်ဂေဟာတခုမှာ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီထိပ်တန်းခေါင်းဆောင်တွေနဲ့ ခုလိုတွေ့ဆုံခွင့်ပေးခဲ့တာဟာ ၂၀၀၄ ခုနှစ်၊ မေလနောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အစိုးရခန့်အပ်ထားတဲ့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့လည်း အဲ့ဒီဧည့်ဂေဟာမှာပဲ တနာရီကြာတွေ့ဆုံခဲ့တယ်လို့ စစ်အစိုးရ အရာရှိတဦးက ပြောပါတယ်။

ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းရဲ့ ပြောကြားချက်အရ အခုတွေ့ဆုံပွဲမှာ အမျိုးသားရင်ကြားစေ့ရေးကိစ္စတွေကို အစိုးရပိုင်းနဲ့ ဆွေးနွေးတဲ့အခါမှာ တင်ပြသင့်တဲ့အချက်အလက်တွေကို ညှိနှိုင်းခဲ့ကြတာ ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်တွေ့ဆုံဖို့အတွက် တောင်းဆိုထားတဲ့အချက်အလက်တွေကို ပြေလည်အောင် ဆုံးဖြတ်ဆောင်ရွက်သွားဖို့ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေချမှတ်ထားတဲ့ကိစ္စကတော့ အဲ့ဒီနိုင်ငံတွေကိုယ်တိုင် ဆုံးဖြတ်ရမဲ့ကိစ္စလို့ ယုံကြည်ထားကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောကြားသွားပါတယ်။ ■

---

## ၈၈ မျိုးဆက်ကျောင်းသားများ ဒေါ်စုရဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကြေညာချက်ကို ထောက်ခံ

*အာအက်ဖ်အေ၊ ၁၀ နိုဝင်ဘာ၊ ၂၀၀၇*

ပြီးခဲ့တဲ့ရက်က ထုတ်ပြန်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားပြန်လည်သင်းမြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်တဲ့ ထုတ်ပြန်ကြေညာချက်ကို ၈၈ မျိုးဆက်ကျောင်းသားတွေက ထောက်ခံကြိုဆိုလိုက်ပါတယ်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီကတဆင့် ထုတ်ပြန်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ၈၈ မျိုးဆက်ကျောင်းသားတွေကထောက်ခံကြောင်း ဒီကနေ့ နိုဝင်ဘာလ (၁၀)ရက်နေ့ ရက်စွဲနဲ့ ကြေညာလိုက်ပါတယ်။

ကြေညာချက်ပါ အချက်အလက်တွေကို ၈၈ မျိုးဆက်ခေါင်းဆောင်တဦးဖြစ်တဲ့ မနီလာသိန်းက ဖတ်ပြသွားပါတယ်။

တမျိုးသားလုံး၏ အကျိုးစီးပွားအတွက် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များအောင်မြင်စေရန် အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ဘို့ ကျမဘက်က အဆင်သင့်ရှိနေပါတယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကမ်းလှမ်းချက်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုအဖြစ်ရှုမြင် ကြိုဆိုပါသည်။ ဒီမိုကရေစီအင်အားစုများ သွေးစည်းရေးနှင့် အမျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် အလွန်အမင် လိုအပ်နေချိန်မှာ နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသား လူမျိုးစုအဖွဲ့အစည်းများနှင့် အကျိုးစီးပွားများကို အစဉ်သဖြင့်အလေးအနက် ထည့်သွင်းစဉ်းစားမည်ဟု ဆိုခြင်းသည်လည်း တိုင်းပြည်အနာဂတ်အတွက် အခြေခံကျသည့်အမျှော်အမြင်ရှိသည့် ရပ်တည်ချက်ဖြစ်သည်ဟု ယူဆသည်၊

ဆက်လက်ဖေါ်ပြထားတာကတော့ တိုင်းပြည်မှာ လက်ရှိရင်ဆိုင်နေရတဲ့ ပြဿနာရပ်အမျိုးမျိုး အမြန်ဆုံးပြေလည်ပြီး တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အမြန်ဆုံးအကောင်အထည်ဖေါ်နိုင်ဘို့ စစ်အစိုးရအနေနဲ့လည်း လက်ရှိဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံဆွေးနွေးနေရာကနေတဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား အချိန်ဇယားအတိအကျပါရှိတဲ့ အဓိကပွဲါယ်ပြည့်ဝတဲ့ နိုင်ငံရေးဆွေးနွေးမှုတွေကို အချိန်မဆိုင်းဘဲလုပ်ဆောင်ဘို့ လိုအပ်တယ်လို့လည်း တိုက်တွန်းထားပါတယ်။ ■

---

## ဆန္ဒပြမှုနှင့် တရားစွဲချက်များ အစိုးရ၏ ပေါ်လစီအမှုဟု တရားရုံးချုပ် ရှေ့နေတဦး ဝေဖန်

*ဒီဗွီဘီ ၊ ၁၁ နိုဝင်ဘာ၊ ၂၀၀၇*

စက်တင်ဘာ သံဃာတော်တွေရဲ့ မေတ္တာပို့ဆန္ဒပြမှုနဲ့ ဖမ်းဆီးပြီး သရက်ထောင်မှာဖမ်းဆီးထားတဲ့ အဖွဲ့ချုပ်ဝင်များအပါအဝင် (၄) ဦးကို လာမဲ့ နိုဝင်ဘာလ (၂၁) ရက်မှာ ထပ်မံစစ်ဆေးဖို့ရှိတယ်လို့ တောင်တွင်းကြီးမြို့နယ်အဖွဲ့ချုပ်ဝင် ကိုအောင်ကိုက ပြောပါတယ်။ သူတို့ (၄) ဦးကတော့ မကွေးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ဦး၊ ရေနံချောင်းမြို့က ဦးသာချို၊ ချောက်မြို့က ထွန်းထွန်းငြိမ်းနဲ့ နတ်မောက်က ကျောင်းဆရာ ဦးဌေးဝင်းတို့ ဖြစ်ပါတယ်။ ဒီအခြေအနေနဲ့ ပတ်သက်ပြီး ကိုအောင်ကိုက အခုလို ပြောပါတယ်။

“ပုဒ်မတွေတပ်ပြီးတော့ တရားစွဲထားတယ်ဆိုပြီးတော့ သူတို့က ကျနော်တို့ကို ချုပ်ထားတာပေ့ါနော်။ အဲဒီတုန်းက တပ်ထားတာကတော့ ကျနော်တို့တော့ (၅၀၅/ခ) ရယ်၊ (၁၄၃) ရယ်၊ နောက် (၁၂၄/က) ရယ် ပုဒ်မ သုံးခု တပ်ထားတာ။ (၅၀၅/ခ) ကျတော့ ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေအောင် လုပ်မှုပေ့ါနော်။ သူကကျတော့ ထောင်ဒဏ်အနေနဲ့ နှစ်နှစ် ချလို့ရတယ်။ ဟိုကောင်က (၁၄၃) က လူစုလူဝေး နောက်ကနေပြီးတော့ နောက်ကနေလိုက်တဲ့အမှုပေ့ါ။ အဲဒါက ထောင်ဒဏ် ခြောက်လအထိ ချလိုရတယ်။ (၁၂၄/က) ကျတော့ ဒီအစိုးရကို အကြည်အညိုပျက်စေမှု။ အဲဒီဟာကျတော့ တသက်တကျွန်းထိချလို့ ရတယ်ပေ့ါ။ အဲလိုမျိုး သုံးပုဒ်တပ်ထားတာ။ တပ်ပြီးတော့ တရားစွဲထားတာပေ့ါနော်။ အလုပ်လုပ်လို့ပြောတယ် ကျနော်တို့ကို။” တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ်ဝင် ကိုအောင်ကို ပြောပြသွားတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ကလဲ သံဃာတော်တွေ မေတ္တာပို့ဆန္ဒပြပွဲနဲ့ ဆက်စပ်ပြီး ကချင်ပြည်နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးနေဝင်းနဲ့ ဗန်းမော်မြို့နယ်အဖွဲ့ချုပ်ဝင် ဦးဘမြင့်တို့ကိုလဲ ထောင် (၂) နှစ်စီ ချလိုက်ပါတယ်။ အခုလို အဖွဲ့ချုပ်ဝင်တွေနဲ့ သူတို့အလိုရှိတဲ့ သူတွေကို ဖမ်းဆီးပြီး တရားစွဲနေတာဟာ အစိုးရရဲ့ပေါ်လစီအမှုတခုလိုဖြစ်နေတယ်လို့ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းက အခုလို ဝေဖန်လိုက်ပါတယ်။

“သိရတဲ့ လက်လှမ်းမိသလောက် ပြောရမယ်ဆိုရင်တော့ ဟသ်တမြို့နယ်က အန်အယ်ဒီစည်းအဖွဲ့ဝင် ကိုစောဝင်းပေ့ါနော်။ နောက်တခါ မောင်ခိုင်ဝင်း ခေါ် စလားပီး ဆိုတဲ့ အရပ်သူအရပ်သားပေ့ါနော်။ ရေးပူးရောင်းတဲ့ လူပေ့ါလေနော်။ ရေပူး ကမ်းလှမ်းတယ်ပေ့ါ။ အဲဒီလူတွေကို (၅၀၅/ခ)တို့ ပုဒ်မ (၁၄၃) တို့နဲ့ တရားစွဲတင်ဖို့ လုပ်နေတယ်ဆိုတာလဲ ကျနော် သိရတယ်ပေ့ါနော်။ ကျနော် ဟသ်တ တရားရုံး ကိုမြင့်နိုင်တို့ အမှုသွားရင်းနဲ့ ကျနော် အဲဒီအမှုကို သိခဲ့ရတာပါ။ တဖက်ကလဲ စောစောကလို အခုဒါ အင်းတော်မြို့နယ်တရားရုံးတို့လို ကသာမြို့နယ် ရုံးတို့မှာလဲ အဲဒီလိုပဲ ဦးဌေးနိုင်လင်းတို့ ကိုပိန်တို့ ဟုတ်လား။ ဦးမြင့်ကြည်တို့ ကိုဇော်လင်းတို့ ကိုချမ်းအောင်တို့။ ဆိုတော့ သူတို့က မီဒီယာနဲ့ အဲဒီ ကိစ္စတွေနဲ့ ပတ်သက်ပြီးပြောလို့ဆိုပြီးတော့ သူတို့လဲ (၅၀၅/ခ) တွေနဲ့ နှစ်နှစ်စီ ချထားတယ်လို့သိရတယ်။ အဲလိုပဲပေ့ါလေ စောစောက သိရသလို မြစ်ကြီးနား၊ မိုးညှင်းတို့မှာလဲ အဲလိုတွေဖြစ်နေကြတယ်။ ဆိုတော့ ဒါတွေက ဘယ်လို ဖြစ်နေလဲဆိုတော့ ပေါ်လစီအမှုတခုလို ဖြစ်လာတဲ့ပုံစံမျိုး ကျနော် တွေ့နေရတယ်။ ဒီ ခရိုင်တရားရုံးတို့ သံတွဲမြို့နယ် တရားရုံးတို့မှာလဲ အဲဒါမျိုးတွေ တွေ့တယ်။ (၇) နှစ်ခွဲ နှစ်နှစ်တို့

ချထားပြီးတော့ လွှတ်လိုက်တာတွေလဲကျနော် တွေ့နေရတယ်။ ဒီဟာတွေကတော့ သူတို့ရဲ့ အင်တဲန်းရှင်းက ငြိမ်းချမ်းစွာဆန္ဒပြတယ်။ ငြိမ်းချမ်းစွာဆောင်ရွက်တဲ့ လူတွေအပေါ်မှာ သူတို့က ဘေးကနေကာရံပေးတဲ့ လိုက်ပါဆောင်ရွက်တဲ့လူတွေ ဖြစ်တယ်။ သူတို့က အင်တဲန်းရှင်းက ဆူပူအောင် လုပ်ချင်တာလား။ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်အောင် လုပ်ချင်တာလားဆိုတဲ့ဟာကို တရားရုံးတွေကတော့ သုံးသပ်ပေးဖို့ လိုတယ်ပေ့ါနော်။ ” တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းရဲ့ ပြောဆိုချက် ဖြစ်ပါတယ်။

သူ့အနေနဲ့လဲ ဒီလိုအမှုရင်ဆိုင်နေရသူတွေ လာရောက်ဆက်သွယ်အကူအညီတောင်းခံမယ်ဆိုရင် အထူးအယူခံတရားရုံးတွေအထိ ဥပဒေလမ်းကြောင်းကနေ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမယ်လို့ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းက ဒီဗွီဘီကို ပြောကြားသွားခဲ့ပါတယ်။ ■

---

## တက္ကသိုလ်ကျောင်းသားတချို့ ပျောက်ဆုံးနေ

*ဒီဗွီဘီ ၊ ၁၁ နိုဝင်ဘာ၊ ၂၀၀၇*

စက်တင်ဘာ ဆန္ဒထုတ်ဖော်မှုတွေနဲ့ ပတ်သက်ပြီး ဖမ်းဆီးခံထားရသူတွေအနက်က တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတချို့ ပျောက်ဆုံး နေတယ်လို့ မိသားစုနဲ့နီးစပ်သူတွေက ပြောပါတယ်။ ပျောက်ဆုံးနေသူတွေ ကတော့ အရှေ့ပိုင်းတက္ကသိုလ်က မအေးမိမြတ်၊ အနောက်ပိုင်း တက္ကသိုလ်က ဓါတုဗေဒ နောက်ဆုံးနှစ်ကျောင်းသား ရဲတခွန်၊ မျိုးမင်းမောင်တို့ ဖြစ်ပါတယ်။ ရဲတံခွန်ကို အောက်တိုဘာလ ၁၁ ရက်နေ့က လှိုင်သာယာနေအိမ်ကနေ ဖမ်းဆီးသွားတယ်ဆိုပါတယ်။

အောက်တိုဘာ ၁၈ ရက်နေ့မှာ ပြန်လွှတ်ပေးမယ်ဆိုပြီး မိသားစုတွေကို အကြောင်းကြားခဲ့တယ် ပြောပါတယ်။ ဒါပေမဲ့ ပြန်လွှတ်မပေးပဲ ထောင်ဝင်စာ အစားအသောက်တွေပေးပို့နိုင်တယ်ဆိုပြီး ထပ်မံ အကြောင်းကြားတယ်ဆိုပါတယ်။ အဲဒီအတွက် မိသားစုတွေက ပြီးခဲ့တဲ့အပတ်က ထောင်ဝင်စာပါစယ်သွားပို့ခဲ့ပါတယ်။ ဒါပေမဲ့ ထောင်အာဏာပိုင်တွေက ရဲတခွန်၊ မျိုးမင်းမောင်၊ မအေးမိမြတ်တို့ အင်းစိန်ထောင်မှာ မရှိတော့ဘူးလို့ ပြောပြီး ပါစယ်ထုတ်တွေကို လက်မခံခဲ့ဘူး ပြောပါတယ်။ မိသားစုတွေက ဘယ်ကိုလိုက်ပေးရမလဲ မေးပေမဲ့ ထောင်အာဏာပိုင်တွေက တစုံတရာ မဖြေနိုင်ဘူးဆိုပါတယ်။ ပြန်လွှတ်ပေးမယ်ပြောပြီး ဘယ်ရောက်လို့ ရောက်သွားမှန်းမသိရတဲ့အပေါ် မိသားစုတွေက အထူးစိုးရိမ်နေကြတယ်လို့လဲ ရဲတခွန်ရဲ့ သူငယ်ချင်းတဦးက ဒီဗွီဘီကို ပြောပြသွားခဲ့ ပါတယ်။ ■

---

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***

***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

## ဒေါ်စု၏ ကြေညာချက်နှင့် ပါတ်သတ်ပြီး အမ်တီစီအဖွဲ့ဝင်များ၏ ထောက်ခံကြေညာချက်

*ဒီဗွီဘီ ၊ ၁၁ နိုဝင်ဘာ၊ ၂၀၀၇*

အခုလ (၁၀) ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထုတ်ပြန်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား ကြေညာချက်အပေါ် အမ်တီစီခေါ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လိုသားသူများအဖွဲ့က ထောက်ခံလိုက်ပါတယ်။ ဒီအဖွဲ့ဟာ ကုန်စျေးနှုန်းကျဆင်းရေး အဖွဲ့ခေါင်းဆောင် ကိုထင်ကျော်က ဦးဆောင်ထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုထင်ကျော်ကတော့ နအဖ စစ်တပ်တွေရဲ့ အရဆကသအားမှ ဖမ်းဆီးခြင်းကို ခံနေရဆဲ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ အမ်တီစီ အဖွဲ့ဝင်များကလဲ ပုန်းအောင်းနေကြရတာမို့ ဒီထောက်ခံကြေညာချက်ကို အဖွဲ့ရဲ့ လက်ရှိပြောရေး ဆိုခွင့်ရှိသူ ကိုအောင်ကြီးက တာဝန်ခံ ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ ကိုအောင်ကြီး ဖတ်ကြားပေးတဲ့ကြေညာချက် ဖြစ်ပါတယ်။

“မြန်မာနိုင်ငံ တိုးတက်ရေးလိုလားသူများကနေပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်နဲ့ ပတ်သက်ပြီးတော့ လုပ်ရပ်တွေကို အပြည့်အဝထောက်ခံယုံကြည်ကြောင်း ကျနော်တို့နဲ့ အတူတူ အခြားအခြားသော နိုင်ငံရေးအဖွဲ့အစည်းတွေ၊ တိုင်းရင်းသား လူမျိုးတွေကလဲ ထောက်ခံယုံကြည်ကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ ရဟန်းရှင်လူ ပြည်သူများ တပ်မတော်သားများ ပြည်သူ့ ဝန်ထမ်းများနဲ့တကွ တိုင်းရင်းသား လူမျိုးစုများ လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး ဒေါ်အောင်ဆန်းစုကြည်နဲ့ ပူးပေါင်းပါဝင်ကြပါ။ ”

အမ်တီစီခေါ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထုတ်ပြန်ကြေညာချက်ကို သူတို့အနေနဲ့ ထောက်ခံတဲ့ အကြောင်း၊ ရဟန်းရှင်လူ တိုင်းရင်းသားတွေနဲ့ တပ်မတော်သားတွေ ဝန်ထမ်းတွေကလဲ ဒေါ်အောင်ဆန်းစုကြည်ကို ဝိုင်းရံလက်တွဲ ကူညီပေးကြဖို့ ကိုအောင်ကြီးက တိုက်တွန်းသွားခဲ့တာပါ။

ဒီကနေ့ နေ့စွဲနဲ့ ထုတ်ပြန်တဲ့ကြေညာချက်အတွင်း သံဃာတော်တွေ ကိုမင်းကိုနိုင် အပါအဝင်၊ ကျောင်းသားတွေ ကိုထင်ကျော် အပါအဝင်၊ ကုန်စျေးနှုန်း ကျဆင်းရေး ဆန္ဒပြသူတွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ကိုလဲ တောင်းဆိုသွားခဲ့ပါသေးတယ်။ ■

---

## ဆန္ဒပြသူများကိုဖမ်းဖို့ လူဆိုးလူမိုက်များကို ငွေပေးငှားနေ

*ဒီဗွီဘီ ၊ ၁၁ နိုဝင်ဘာ၊ ၂၀၀၇*

မြို့နယ်အတွင်းမှာရှိတဲ့ လူဆိုးလူမိုက်အားလုံးကို သက်ဆိုင်ရာ မယက၊ ရယက ရုံးတွေမှာ စုစည်းခေါ်ထားဖို့ ရန်ကုန်တိုင်းစစ်ဒေသရုံးက မြို့နယ်အားလုံးကို မနေ့က ညွှန်ကြားထားတယ်လို့ ဗဟန်းမြို့နယ်ရုံးနဲ့ နီးစပ်သူတဦးက ပြောပါတယ်။ အဲဒီအတွက် မနေ့ကစပြီး ရပ်ကွက်အတွင်းရှိ လူဆိုးလူမိုက်အားလုံးကို သက်ဆိုင်ရာရယကနဲ့ မယကရုံးတွေမှာ အသင့်ခေါ်ယူနေပြီလို့လဲ သူက ပြောပါတယ်။ မစ္စတာ ပီညဲရိုး ရန်ကုန်ရှိနေချိန်မှာ ဆန္ဒပြပွဲတွေ စာကပ်ဝေတာတွေရှိခဲ့ရင် အာဏာပိုင်တွေက ဝင်ရောက်ဖမ်းဆီးမှာမဟုတ်ပဲ အသင့်ခေါ်ယူထားတဲ့ လူဆိုးလူမိုက်တွေက ဝင်ရောက် ရိုက်နှက်ဖမ်းဆီးဖို့ဖြစ်တယ်လို့လဲ သူကပြောပါတယ်။

ဆန္ဒပြလို့ ဖမ်းဆီးတဲ့ပုံမျိုးမဟုတ်ပဲ ပြည်သူအချင်းချင်း ရန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားတဲ့ပုံဖန်တီးပြီးမှ သက်ဆိုင်ရာအာဏာပိုင်တွေက

ဝင်ရောက်ဖမ်းဆီးတာတွေ လုပ်လိမ့်မယ် လို့လဲ သူက အခိုင်အမာ ပြောပါတယ်။ လူဆိုးလူမိုက်တွေကို နယ်မြေခံ စွမ်းအားရှင်ခေါင်းဆောင်တွေက လမ်းညွှန်ကြီးကြပ်သွားမှာဖြစ်တယ်လို့လဲ ဗဟန်း မယကနဲ့ နီးစပ်သူက ပြောပြသွားပါတယ်။ ■

## ကုလ လူ့အခွင့်အရေးသံတမန် မြန်မာနိုင်ငံသို့ ရှေ့သီတင်းပတ်မှာ သွားမည်

*အာအက်ဖ်အေ၊ ၆ နိုဝင်ဘာ၊ ၂၀၀၇*

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးသံတမန် မစ္စတာ ပေါ်လိုဆာဂျီယို ပင်ညဲရိုးကို မြန်မာစစ်အစိုးရက နောက်တပတ်ထဲမှာ မြန်မာနိုင်ငံကို လာရောက်ဖို့ ဖိတ်ကြားလိုက်ပါတယ်။ ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံကို လာရောက်ခွင့်မရခဲ့တဲ့ မစ္စတာ ပင်ညဲရိုးဟာ နိုဝင်ဘာလ (၁၁) ရက်ကနေ (၁၅)ရက်နေ့အထိ မြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်ပြီး ဒီဖိတ်ခေါ်မှုအပေါ် ကြိုဆိုလိုက်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

မစ္စတာ ပင်ညဲရိုးက ဒီဖိတ်ခေါ်မှုဟာ သူ့ရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေတွေကို စုံစမ်းရေးတာဝန်မှာ မြန်မာစစ်အစိုးရက ပူးပေါင်းဆောင်ရွက်လိုတယ်ဆိုတာ ပြသလိုက်တဲ့ လက္ခဏာဖြစ်တယ်လို့ ပြောဆိုလိုက်ကြောင်း ဂျီနီဗာအခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ ထုတ်ပြန်ကြေညာချက်မှာ ဖေါ်ပြထားပါတယ်။

ဒီခရီးစဉ်အတွက် ပြီးခဲ့တဲ့လက အကြိုခွင့်ပြုချက်ရရှိခဲ့ပြီးနောက် မစ္စတာပင်ညဲရိုးက အကျဉ်းထောင်တွေကို သွားရောက်ဖို့ စက်တင်ဘာ ဆန္ဒပြပွဲတွေမှာ သေဆုံးသူတွေနဲ့ ဖမ်းဆီးခံရသူတွေ အရေအတွက်ကို စုံစမ်းနိုင်ဖို့ တောင်းဆိုခဲ့ပါတယ်။ စစ်အစိုးရက အပြည့်အဝ ပူးပေါင်းမှုမရှိဘူးဆိုရင် လေယာဉ်ပေါ်တက်ပြီး ထွက်လာခဲ့ရုံပါပဲလို့ သူက ပြောခဲ့ပါတယ်။

RFA က မစ္စတာ ပင်ညဲရိုးကို မြန်မာနိုင်ငံခရီးစဉ်နဲ့ ပတ်သက်ပြီး ဆက်သွယ်မေးမြန်းခဲ့ရာမှာ ကြေညာချက်မှာ ပါရှိသလောက်ကလွဲပြီး တစုံတရာမပြောနိုင်သေးပါဘူးလို့ ပြန်ကြားခဲ့ပါတယ်။

အခုလို မစ္စတာပင်ညဲရိုး မြန်မာနိုင်ငံလာရောက်ဖို့ကိစ္စကို စစ်အစိုးရက သဘောတူညီခဲ့ကြောင်း ကုလသမဂ္ဂက အောက်တိုဘာလ (၂၂) ရက်နေ့က ကြေညာခဲ့ပါတယ်။ မစ္စတာ ပင်ညဲရိုး လာမဲ့ရက်ဟာ အာဆီယံ ညီလာခံကျင်းပမဲ့ နိုဝင်ဘာလ(၁၇) ရက် မတိုင်မီဖြစ်ပါမယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းဆီကို ပေးပို့တဲ့စာမှာ ဖေါ်ပြခဲ့ပါတယ်။ ■

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွှတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌါနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

## အဖွဲ့ချုပ်ခေါင်းဆောင်တချို့ကို ဂမ်ဘာရီနဲ့တွေ့ဖို့ စစ်အစိုးရက နေပြည်တော်ကို ဖိတ်ခေါ်

*ဗွီအိုအေ၊ ၇ နိုဝင်ဘာ၊ ၂၀၀၇*

ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD ပါတီ အထက်တန်းအဖွဲ့ဝင်များ မနက်ဖန် မြို့တော်နေပြည်တော်မှာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရဲ့အထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီနဲ့တွေ့ဆုံဖို့ ဖိတ်ထားတယ်လို့ NLD ပြောခွင့်ရ ဦးဉာဏ်ဝင်းက ဗွီအိုအေကိုပြောပြပါတယ်။

"မနက်က သတင်းတပ်ဖွဲ့ကနေ ဉက္ကဌဆီကို လာအကြောင်းကြားတယ်၊ နက်ဖန် နေပြည်တော်မှာ မစ္စတာ ဂမ်ဘာရီနဲ့တွေ့ဖို့၊ NLD က CEC က သုံးယောက်လိုက်ပါဖို့ပြောတယ်၊ အဲဒါကြောင့် မနက်ဖန်မနက် Flight (လေယာဉ်) နဲ့ ဦးအောင်ရွှေရယ်၊ ဦးလွင်ရယ်၊ ဦးညွန့်ဝေရယ် သုံးယောက် နေပြည်တော်သွားမှာ၊ နေပြည်တော်မှာ ဘယ်အချိန်လည်းဆိုတာမသိသေးဘူး၊ ဟိုဘက်က Schedule (အစီအစဉ်) ကို မသိသေးဘူး ပေါ့လေ၊ မနက်ဖန်မနက် သွားကြမယ်၊ ဒေါ်စုနဲ့တွေ့ဖို့ကိစ္စနဲ့ပတ်သက်ရင် ကျနော်တို့ဘာမှ သတင်းမရပါဘူး၊ အစီစဉ်တွေလည်းမသိပါဘူးခင်ဗျ၊"

စောစောပိုင်းမှာ မြန်မာစစ်အစိုးရက ကုလသမဂ္ဂ ကြားဝင်ဖြန်ဖြေပေးမှုဖြင့် အတိုက်အခံအုပ်စုတွေနဲ့ဆွေးနွေးဖို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟဲမ် ဂမ်ဘာရီရဲ့ နှိုးဆောက်ချက်ကိုပယ်ချလိုက်ပြီး ပြင်ပ ဖိအားပေးမှုတွေအတိုင်း လုပ်ဆောင်ရန်ငြင်းဆိုတယ်လို့ပြောသွားပါတယ်။ အဲဒီလိုတွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ မဖြစ်နိုင်ဘူးလို့ မြန်မာနိုင်ငံမှာ ရောက်ရှိနေသူ မစ္စတာဂမ်ဘာရီကို မြန်မာအရာရှိက အကြောင်းကြားခဲ့တယ်လို့မြန်မာ အစိုးရမီဒီယာက ဖေါ်ပြပါတယ်။

မြန်မာအရာရှိက မစ္စတာဂမ်ဘာရီရဲ့ စောစောပိုင်းခရီးစဉ်ကိုလည်း ပြစ်တင် ဝေဖန်ရာမှာ သူလာရောက်ခဲ့ပြီးနောက်ပိုင်း အမေရိကန်၊ ဩစတေးလျှနဲ့ ဉရောပသမဂ္ဂများက နောက်ထပ် ဒဏ်ခတ် အရေးယူခဲ့တဲ့အပြင် ကုလသမဂ္ဂကရှုံ့ချခဲ့တဲ့အတွက် ရလဒ်ဘာမှမရခဲ့ဘူးလို့ပြောပါတယ်။ မစ္စတာဂမ်ဘာရီက စီစဉ်ထားတဲ့အတိုင်း အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံနိုင်ခြင်းမရှိသေးဘဲ နိုင်ငံ့ထိပ်တန်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့လည်း တွေ့ဆုံနိုင်ချင်မှ တွေ့ဆုံနိုင်ပါလိမ့်မယ်။ ဒီနောက် ဒေါ်အောင်ဆန်းစုကြည်ဟာ သူနေအိမ်မှာအကျယ်ချုပ်ကျခံနေတဲ့နေအိမ်မှာ အနည်းငယ်ဆေးဝါးကုသမှုခံယူခဲ့တယ်လို့ သတင်းများကဆိုပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်ရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာစစ်အစိုးရနဲ့ ဆွေးနွေးမှုတွေမှာ တိုးတက်မှုမရှိသေးဘူးလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကမနေ့ကပြော ကြားပါတယ်။ ■

# တိုင်းပြည်ရဲ့ ပြဿနာတွေကို စစ်အစိုးရက တကယ်ဖြေရှင်းလိုတဲ့ဆန္ဒမရှိလို့ အတိုက်အခံအင်အားစုများပြောကြား

*ဗွီအိုအေ၊ ၈ နိုဝင်ဘာ၊ ၂၀၀၇*

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးအရာရှိ မစ္စတာ အီဗရာဟင် ဂင်ဘာရီဟာ မနေ့ကတော့ မြို့တော်သစ်နေပြည်တော်မှာ မြန်မာ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ်မှာတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းကနေ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ရေးသားပေးလိုက်တဲ့စာကို မစ္စတာဂင်ဘာရီကနေ ဗိုလ်ချုပ်ကြီးသိန်းစိန်ကို လွှဲပေးခဲ့တယ်လို့ သိရပါတယ်။ သူတို့နှစ်ဦး တွေ့ဆုံစဉ် ပြောဆိုခဲ့တာတွေနဲ့ပတ်သက်လို့တော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် မရီး အိုဂါဘီးက အခုလို ပြောပါတယ်။

"ပြီးခဲ့တဲ့ မြန်မာနိုင်ငံတွင်းဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေအပေါ် တည်ပြီး မြန်မာနိုင်ငံတွင်းက နိုင်ငံရေး၊လူ့အခွင့်အရေး၊ လူမှုအကြပ်အတည်းကိစ္စတွေကို ဖြေရှင်းရာမှာ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုပြီး တိုးတက်ကောင်းမွန်လာစေဖို့ကိစ္စရပ်တွေကို မစ္စတာ ဂမ်ဘာရီနဲ့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်တို့နှစ်ဦး အသေးစိတ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ မစ္စတာဂင်ဘာရီအနေနဲ့မြန်မာအစိုးရဖက်က အမြင်သဘောထားတွေကို မှတ်သားခဲ့သလိုပဲ၊ သူ့ရဲ့အမြင်တွေကိုလည်း ပြန်လည်ထောက်ပြခဲ့ပါတယ်။ အခု မကြာခင်က အရေးအခင်းဖြစ်ခဲ့တာတွေမတိုင်ခင်ကြုံနေရတဲ့အခြေအနေတွေကို ပြန်သွားမယ်ဆိုရင် ဒါဟာ ပြေလည်နိုင်မယ့်လမ်းကြောင်းမဟုတ်တာကြောင့်၊ ဒီပြဿနာတွေနဲ့ ပတ်သက်လို့ နိုင်ငံတကာရဲ့ မျှော်လင့်ထားချက်တွေအတိုင်း စစ်အစိုးရအနေနဲ့ အသေးစိတ် နောက်ထပ် လုပ်ဆောင်စရာတွေကို အကြံပြုတိုက်တွန်းခဲ့ပါတယ်။ ဒီအထဲမှာတော့ အားလုံးပါဝင်နိုင်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲတွေရဲ့ အစိတ်အပိုင်းအနေနဲ့ အတိုက်အခံတွေနဲ့ အချိန်ဆွဲမနေပဲ တွေ့ဆုံစကားပြောဖို့ လိုအပ်ကြောင်း၊ နောက်ပြီး အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်ချက်တွေအနေနဲ့ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးကော်မရှင်တရပ်ထားရှိဖို့အပါအဝင် မြန်မာနိုင်ငံတွင်းက လူမှု အကြပ်အတည်းတွေဖြေရှင်းရေးကိစ္စတွေကို လုပ်ဆောင်ဖို့တွေကို တိုက်တွန်းပါတယ်"လို့ ကုလသမဂ္ဂ ပြောခွင့်ရအမျိုးသမီးမရီး အိုကာဘီးက ပြောသွားတာပါ။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ဖက်ကတော့ အတွင်းရေးမှူးချုပ်ကိုယ်စား မစ္စတာဂင်ဘာရီအနေနဲ့ မြန်မာနိုင်ငံကိစ္စ ဆောင်ရွက်နေတာတွေအပေါ် အပြည့်အဝ ထောက်ခံကြောင်းနဲ့၊ အတွင်းရေးမှူးချုပ်ရုံးရဲ့မြန်မာနိုင်ငံကိစ္စဆောင်ရွက်ချက်တွေ ဆက်ပြီးဆောင်ရွက်နိုင်ဖို့ မစ္စတာ ဂမ်ဘာရီကို မြန်မာနိုင်ငံပြန်လာဖို့ စစ်အစိုးရဝန်ကြီးချုပ်က ဖိတ်ကြားတယ်လို့လည်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ပါတယ်။ မစ္စတာဂမ်ဘာရီဟာ စစ်အစိုးရ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနဲ့လည်း တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။အခြားဘယ်သူတွေကို တွေ့ဖို့ရှိသလဲ၊ နောက် ဘယ်သူတွေနဲ့တွေ့ခဲ့သလဲဆိုတာကိုတော့ ကုလသမဂ္ဂ ပြောခွင့်ရအမျိုးသမီးက အခုလို ပြောထားပါတယ်။

"မစ္စတာဂင်ဘာရီဟာ မြန်မာနိုင်ငံတွင်းက အခြားနိုင်ငံခြား သံတမန်တွေကိုလည်း တွေ့ဆုံပြီး သူရဲ့မြန်မာနိုင်ငံခရီးစဉ် လက်ရှိ နောက်ဆုံး အခြေအနေတွေကို ရှင်းပြခဲ့ပါတယ်။ ဒီနေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မှာဖြစ်သလို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေ၊ နောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဖို့စီစဉ်ထားတယ်" လို့ သိရပါတယ်လို့ ပြောခဲ့တာပါ။

မစ္စတာဂမ်ဘာရီဟာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံး တာဝန်ရှိသူတွေနဲ့ အခြားတွေ့သင့်သူတွေကိုလည်းတွေ့ဆုံသွားဖို့ရှိပြီး၊ နိုဝင်ဘာ ၁၂ ရက်နေ့မှာ ကုလသမဂ္ဂဌာနချုပ်ကို ပြန်လာဖို့ရှိတယ်လို့လည်း သိရပါတယ်။ ဒီကနေတွေ့ဆုံမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုခေါင်းဆောင် ၃ ဦးကတော့ နေပြည်တော်ကို သွားရောက်ပြီးတွေ့မယ်လို့ ပြောထားလေတော့ အခြားသူတွေလည်း နေပြည်တော်မှာပဲ တွေ့မယ့်သဘောဖြစ်နေပါတယ်။ မစ္စတာဂင်ဘာရီဟာ နိုဝင်ဘာလ ၃ ရက်နေ့ မြန်မာနိုင်ငံကို ရောက်လာပြီးကတည်းက ခုချိန်အထိ နေပြည်တော်မှာပဲ နေနေရတာပါ။ စစ်အစိုးရကိုယ်စားလှယ်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ သုံးပွင့်ဆိုင် စကားပြောလိုတယ်လို့ သူတင်ပြတော့လည်း စစ်အစိုးရဖက်က ငြင်းထားပါတယ်။ ဒါ့အပြင် တနေ့ကဆိုရင် မြန်မာအစိုးရအာဏာပိုင်အဖွဲ့ဆိုပြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့နဲ့ တွေ့တဲ့အခါမှာ မြန်မာအရေးကုလသမဂ္ဂလုံခြုံရေးကောင်စီက ကိုင်တွယ်ဆောင်ရွက်မယ်ဆိုရင် ရင်ဆိုင်ဖို့ကလွဲ ဘာမှမရှိဘူးလို့ အသိပေးချင်တယ်လို့ သူတို့က ပြောတော့၊ ကုလသမဂ္ဂဖက်က ဒီထက် ပိုဖိအားပေးကိုင်တွယ်လာမယ်ဆိုလည်း သူတို့ဖက်ကတော့ လိုက်လျှောမှာမဟုတ်ဘူးလို့ စစ်အစိုးရဖက်က ပြနေသလိုဖြစ်နေပါတယ်။ ဒါကြောင့်လည်းပဲ မစ္စတာဂင်ဘာရီအနေနဲ့ အတော်လေးကို အခက်အခဲတွေကြားထဲမှာ အလုပ်လုပ်နေရတာပါလို့ ကုလသမဂ္ဂက ပြောခွင့်ရအမျိုးသမီးက ပြောခဲ့တာပါ။

"မစ္စတာဂင်ဘာရီ အခုလုပ်နေတဲ့တာဝန်တွေက ခက်ခဲပါတယ်။ လူ့အခွင့်အရေးကိစ္စရော၊အမျိုးသားပြန်လည်သင့်မြတ်ရေးရော၊ ဆင်းရဲမှုတိုက်ဖျက်ရေးကိစ္စရော၊ အားလုံးကို ခက်ခက်ခဲခဲ ကိုင်တွယ်ဆောင်ရွက်နေရတာပါ။ သူအဓိက အလေးပေးဆောင်ရွက်နေတာကတော့ အစိုးရနဲ့ အတိုက်အခံကြားမှာတွေ့ဆုံဆွေးနွေးမှုတွေ တိုးတက်လာဖို့ကိစ္စပါပဲ" လို့ ကုလသမဂ္ဂ ပြောခွင့်ရအမျိုးသမီး မရီး အိုဂါဘီကပြောသွားတာပါ။

ဒါ့အပြင် မနက်ဖြန် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမယ်ဆိုတာ အရေးကြီးတဲ့အစည်းအဝေးဖြစ်တယ်လို့လည်း သူက ပြောခဲ့ပါတယ်။ အတွေ့အကြုံရှိတဲ့ ကုလသမဂ္ဂသံတမန်တဦးအနေနဲ့ မစ္စတာဂင်ဘာရီဟာ မြန်မာနိုင်ငံကိစ္စကို သူ့ခရီးစဉ်ကအပြန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နဲ့ လုံခြုံရေးကောင်စီတွေကို ဘယ်လိုပြန်အစီရင်ခံမယ်ဆိုတာကတော့ စိတ်ဝင်စားစရာပါ။ ဒါပေမယ့် အတိုက်အခံတွေ မြန်မာ့အရေးလေ့လာသူတွေကတော့ အခုအချိန်အထိ မစ္စတာဂမ်ဘာရီခရီးစဉ်မှာ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ မမြင်တွေ့ရသေးဘူးလို့ဆိုနေကြပါတယ်။ အထူးသဖြင့်ဆိုရင်တော့ တနေ့က မြန်မာအစိုးရအာဏာပိုင်အဖွဲ့နဲ့ တွေ့တဲ့အခါမှာပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တုန့်ပြန်ပြောခဲ့တာတွေအပေါ် လေ့လာသူတွေကတော့ ကုလသမဂ္ဂရဲ့ဝင်ရောက်ကိုင်တွယ်မှုကို စစ်အစိုးရဖက် ပူးပေါင်းမယ်လို့ ပြောနေပေမယ့် တကယ်တမ်း လိုလားမှုမရှိဘူးဆိုတာ ပြနေတယ်လို့ မြင်ကြပါတယ်။ မစ္စတာ ဂမ်ဘာရီပြီးခဲ့တဲ့ ခရီးစဉ်အခေါက်အပြန်မှာ အမေရိကန်တို့ အီးယူ ဥရောပသမဂ္ဂတို့က စစ်အစိုးရကို အရေးယူပိတ်ဆို့မှုတွေ ထပ်တိုးလိုက်တာကြောင့်၊ မစ္စတာ ဂင်ဘာရီရဲ့ ခရီးစဉ်အပေါ် သူတို့ မျှော်လင့်သလိုဖြစ်မလာဘူးလို့ ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြောင်ပဲ ပြောခဲ့တာပါ။ ဒါကြောင့် စစ်အစိုးရဖက်ကတော့ ကုလသမဂ္ဂရဲ့ကြားဝင်မှုဟာ သူတို့လိုသလိုဖြစ်မလာတဲ့အပေါ် စိတ်ပျက်ဟန်တော့ ပြနေပါတယ်။ ဒါကြောင့် မြန်မာ့အရေးလှုပ်ရှားသူတွေဖက်က အခု မစ္စတာဂင်ဘာရီရဲ့ခရီးစဉ်ဟာ ခုချိန်အထိတော့ အောင်မြင်တာ မတွေ့ရသေးဘူးလို့ယူဆကြတာပါ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ဥက္ကဋ္ဌ ကိုအောင်မိုးဇော်က အခုလို ပြောပါတယ်။

"အခုအခြေအနေအထိတော့ သူ ဝင်ခွင့်ပေးတာကလွဲလို့ သူတို့နဲ့ စကားထိုင်ပြီးပြောတာကလွဲလို့ပေ့ါ၊ နအဖ အနေနဲ့ သူတို့ရဲ့ မူလသဘောထားတွေကို အခုအချိန် ပြောင်းမယ်ဆိုတဲ့အရိပ်အရောင်တွေကို မတွေ့ရသေးဘူး၊ အခုစကားပြောတာတွေကို ကြည့်မယ်ဆိုလို့ရှိရင်ပေ့ါ။ နအဖအနေနဲ့ မစ္စတာ ဂမ်ဘာရီကို တွေ့တဲ့ကိစ္စက ကျနော်တို့တိုင်းပြည်ရဲ့ပြဿနာတွေကို ကျနော်တို့

စစ်စစ်မှန်မှန် ဖြေရှင်းဖို့ဆိုတာထက် နိုင်ငံတကာက သူတို့ကိုဖိအားပေးနေတဲ့ ကိစ္စတွေ လျော့ပါးအောင်လုပ်တယ်ဆိုတာ ပိုပြီးတော့သိသာ ထင်ရှားပါတယ်။ ဆိုတော့ ကျနော့်အနေနဲ့ ပြောချင်တာကတော့ နအဖ အခုလို လုပ်ပုံတွေကိုယ်၌က အခု မစ္စတာ ဂမ်ဘာရီကို ပြောပုံ ဆိုပုံတွေကိုယ်၌က နိုင်ငံတကာရဲ့ဖိအားတွေကို ပိုပြီးတော့ ဖိတ်ခေါ်သလို ဖြစ်နေပါတယ်။"

စစ်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့က မစ္စတာဂမ်ဘာရီရဲ့ ဆောင်ရွက်ချက်အပေါ် အခုလို စိတ်ပျက်လက်ပျက်ပြောခဲ့တာဟာ၊ မစ္စတာ ဂင်ဘာရီနဲ့ ကုလသမဂ္ဂအခန်းကဏ္ဍကို သူတို့နားမလည်လို့လည်း ဖြစ်နိုင်တယ်လို့ ဥရောပမြန်မာရုံး ဒါရိုက်တာ ဦးဟန်ညောင်ဝေက အခုလို ပြောပါတယ်။

"ဂမ်ဘာရီရဲ့ လုပ်ပိုင်ခွင့်ကို သူတို့နားမလည်ဘူးလို့ ကျနော်မြင်ပါတယ်။ ဘာကြောင့်လည်းဆိုရင် ဂမ်ဘာရီ က နအဖနဲ့ ဒေါ်စုနဲ့စကားပြောရေးကို တာဝန်ပေးခံရပါတယ်။ နိုင်ငံတကာက ဖိအားပေးတဲ့ကိစ္စသူ လုံးဝမပိုင်ဘူး။ ဖိအားပေးတဲ့ကိစ္စက ကုလသမဂ္ဂနဲ့လည်း မဆိုင်ဘူး။ ယူအက်စ်၊ ဥရောပသမဂ္ဂ က သူတို့ဟာ သူတို့ လုပ်ပိုင်ခွင့်ရှိနေတယ်။ ဆိုတော့ ဂမ်ဘာရီအနေနဲ့ ဘယ်လိုမှသွားတားလို့မရဘူး။ နအဖ က လူထုနဲ့ဘုန်းကြီးတွေကို ကြမ်းကြမ်းတမ်းတမ်း ဖိနှိပ်ထားတဲ့ကိစ္စကို သူတို့က တုန့်ပြန်တာဖြစ်တယ်။ ဂမ်ဘာရီ က ဘယ်လိုမှတားဆီးလို့မရဘူး။ ဆိုတော့ အဲဒီနေရာမှာ သူတို့ နားလည်မှုလွဲတာဖြစ်မယ်။ မဟုတ်ရင်လည်း တမင်တကာ အပြစ်တင်တာဖြစ်နိုင်တယ်။"

မစ္စတာဂင်ဘာရီရဲ့ ပြီးခဲ့တဲ့ ခရီးစဉ်တုန်းက သူတို့မျှော်လင့်သလို ဖြစ်မလာဘူးလို့ ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောသလိုပဲ၊ အင်အားကြီးနိုင်ငံတွေက မြန်မာနိုင်ငံကိစ္စကို နိုင်ထက်စီးနင်းပေ့ါ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုတင်မယ်ဆိုရင်လည်း သူတို့အနေနဲ့ ရင်ဆိုင်ရကလွဲ အခြားနည်းမရှိဘူးလို့ ပြောတော့ ဒါက သူတို့ဖက်က ကုလသမဂ္ဂဖက်ရဲ့ကိုင်တွယ်မှုတွေဟာ မထိရောက်ဘူးဆိုတဲ့ သဘော သက်ရောက်မနေဘူးလား၊ ကိုအောင်မိုးဇော်အမြင်ပြောပါဦး –

"နိုင်ငံတကာရဲ့အနေအထားနဲ့၊ နိုင်ငံတကာရဲ့ လုပ်နိုင်မှုစွမ်းရည်တွေကို အရမ်း အထင်သေးမယ်ဆိုလို့ရှိရင်တော့ နအဖကိုယ်၌က နိုင်ငံတကာကို မလာ လာအောင် ဖိတ်ခေါ်သလိုဖြစ်နေတယ်လို့ ကျနော် ပြောချင်ပါတယ်။ နိုင်ငံတကာရဲ့စွမ်းဆောင်မှုဆိုတဲ့နေရာမှာ ကမ္ဘာ့ ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီ ဆိုတဲ့နေရာမှာ ကျနော်တို့ အိမ်နီးချင်းနိုင်ငံတွေပါ ပါပါတယ်။ ဆိုတော့ နိုင်ငံတကာရဲ့အပြုသဘောနဲ့ တိုက်တွန်းချက်တွေ၊ ဆောင်ရွက်ချက်တွေကို ဆက်ပြီးတော့ဆန့်ကျင်မယ်ဆိုလို့ရှိရင် နအဖ အနေနဲ့ တော်တော်လေးကို ဒုက္ခတွေ့နိုင်တဲ့အခြေအနေမှာရှိတယ်။ ဒီထက် ဖိအားတွေပိုပြီးတော့ ပြင်းလာမယ်၊ ပြည်တွင်းမှာလည်းပဲ အလားတူ လှုပ်ရှားမှုတွေ ပြန်ဖြစ်လာမယ်ဆိုရင်တော့ နအဖ အနေနဲ့ မလွယ်ဘူး၊ အချိန်မှီသေးတယ်၊ တိုင်းပြည်ရဲ့ ပြဿနာတွေကို သေသေချာချာ စားပွဲဝိုင်းပေါ်မှာ ထိုင်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတိုက်အခံတွေနဲ့ သေသေချာချာဆွေးနွေးမယ်ဆိုလို့ရှိရင် ကျနော်တို့တိုင်းပြည်ပြဿနာ ပြေလည်ရာပြေလည်ကြောင်း လမ်းစကိုရနိုင်တယ်၊ ကျနော် အဲဒီလိုပဲပြောချင်ပါတယ်။"

ဟုတ်ကဲ့၊ စစ်အစိုးရအာဏာပိုင်ဖက်ကလည်း အဲဒီလို ပြောပါတယ်။ မြန်မာနိုင်ငံအရေးအတွက် အဖြေရှာရာမှာတဲ့ ပြည်တွင်းမှာရှိတဲ့ ပကတိ အရှိတရားကိုအခြေခံပြီးတော့ *Home grown* ပေ့ါ၊ ပြည်တွင်းမှာပဲ အဖြေထုတ်ရမယ်ဆိုတဲ့ဟာမျိုးကို သူတို့ဖက်က ကိုယ်စားလှယ်အဖွဲ့က ပြောသွားပါတယ်။ ဒါပေမယ့် တကယ်တမ်း စစ်အစိုးရမှာ ဒီ စိတ်ဆန္ဒ တကယ်ရှိမရှိနဲ့ပတ်သက်လို့ရော ကိုအောင်မိုးဇော် ဘယ်လို ယူဆသလဲခင်ဗျ၊ အခုလက်ရှိ အချိန်ပေ့ါ –

"ကျနော်ထင်တယ်၊ အခုအချိန်အထိ မရှိသေးပါဘူး။ မရှိသေးဘူးဆိုတာက မစ္စတာ ဂမ်ဘာရီကိုပြောတာတွေကို တိုင်းပြည်ထဲမှာ လူမှုရေး၊ စီးပွားရေးပြဿနာတွေဖြစ်နေတယ်၊ ဟိုတနေ့က ကမ္ဘာ့ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နဲ့ သူ့ရဲ့ Team (အဖွဲ့) ကထုတ်တဲ့ Statement (ကြေညာချက်) ကို တုန့်ပြန်တဲ့အချက်တွေကို ကြည့်ပါ၊ နောက်တခုက မနေ့တနေ့က ခုနကပြောတဲ့ အာဏာပိုင်အဖွဲ့နဲ့ မစ္စတာ ဂမ်ဘာရီနဲ့တွေ့တဲ့နေရာမှာ ပြောတာ ဆိုတာတွေကို ကြည့်ပါ၊ နအဖ ဖက်က တိုင်းပြည်ထဲမှာဖြစ်နေတဲ့ပြဿနာတွေကို အခုအချိန်အထိ ပြဿနာဖြစ်နေတယ်ဆိုတာကို ဝန်မခံသေးဘူး။ အဲဒါကိုယ်၌က သူတို့မှာတိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ပြဿနာတွေကို မှန်မှန်ကန်ကန် သေသေချာချာဖြေရှင်းလိုတဲ့စိတ် မရှိသေးဘူးဆိုတာကို ကျနော် တွေ့ရတယ်။"

ဦးဟန်ညောင်ဝေအနေနဲ့ရော ဒီ စစ်အစိုးရဖက်ကပြောတဲ့ ပြည်တွင်းမှာပဲ အချင်းချင်းရှင်းမယ်ဆိုတဲ့အယူအဆနဲ့ပတ်သက်လို့ ဘယ်လိုမြင်သလဲခင်ဗျ –

"ဖြစ်နိုင်တာ အကောင်းဆုံးတော့ ပြောလို့ရပါတယ်။ ဒါပေမယ့် သမိုင်းပြန်ကြည့်ရင်တော့ မဖြစ်နိုင်တဲ့အလားအလာတော့ မြင်တယ်။ ဘာကြောင့်လဲဆိုရင် နအဖ က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ၁၉၈၉ ခုနှစ်ကစပြီးတော့မှ အပစ်အခတ်ရပ်ဆဲမှုလုပ်ခဲ့တယ်။ သဘောတူညီချက်မှာကလည်း နအဖ ကပြောတာကတော့ နိုင်ငံရေးအဖြေရှာဖို့၊ တိုက်ဖို့မလိုဘူး၊ လာစကားပြောကြပါဆိုပြီး သူတို့ဖိတ်ခေါ်လို့ ငြိမ်းချမ်းရေးတွေဖြစ်သွားတယ်။ ဒါပေမယ့် စောင့်ရင်း စောင့်ရင်း ဘယ်လိုမှ မဖြစ်လာဘူး။ အမျိုးသားညီလာခံမှာ လာတက်ပါ၊ အဲဒီမှာ ဆွေးနွေးလို့ရပါတယ်လို့ ပြောတယ်၊ အဲဒီ အပစ်အခတ်ရပ်စဲအဖွဲ့တွေကလည်း သွားတက်တယ်။ သူတို့အစီရင်ခံစာတွေတင်တယ်။ သူတို့တောင်းဆိုတဲ့အချက်တွေကို တခုမှ ဂရုမစိုက်ခဲ့ဘူး၊ အဲဒီနောက်ပိုင်းမှာလဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ ၂၀၀၀ ခုနှစ်ကစပြီးတော့မှ စကားပြောလာတဲ့နေရာမှာ ကုလသမဂ္ဂဖက်က ရာဇာလီ လာကူပေမယ့် ဘာမှ အကြောင်းမထူးခဲ့ဘူး။ ဆိုတော့ ဒီတခေါက်ကလည်း နအဖ က Home grown ၊ သူတို့နဲ့ ဒေါ်စုနဲ့ပဲပြောမယ်ဆိုရင် ဒါက ယုတ္တိမရှိဘူးလို့ ကျနော်တို့မြင်ပါတယ်။ ဘာကြောင့်လည်းဆိုရင် နအဖ ဖက်က တကယ်မလုပ်ခဲ့ဘူး။"

ဦးဟန်အနေနဲ့ ဒါဆိုလို့ရှိရင် ဒီ မစ္စတာ ဂမ်ဘာရီရဲ့ အခု ခရီးစဉ်ကရော ဘယ်လောက် အောင်မြင်မှုရှိတယ်လို့ ယူဆသလဲခင်ဗျ –

"ရှိတာကတော့ အောင်မြင်တယ်လို့တော့ မပြောနိုင်ဘူး။ တကယ် ဂမ်ဘာရီ လာတဲ့အချိန်မှာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဖို့သင့်တယ်။ ဂမ်ဘာရီရဲ့အဆင့်က အဲဒီ အဆင့်ဖြစ်တယ်။ အဲဒီဟာ မတွေ့ရပဲနဲ့ ဦးအောင်ကြည်ကိုပဲတွေ့ရတယ်ဆိုရင် ဒါက မဟုတ်တော့ဘူး။ နိုင်ငံတကာကကြည့်ရင်လည်း ဒါကနအဖ က ဂမ်ဘာရီကို ဂရုမစိုက်ဘူး၊ သူလာကူပေးတဲ့ဟာကို ညင်းပယ်နေတယ်၊ မနေ့တုန်းက ရှင်းလင်းပွဲက လည်း ညင်းပယ်တယ်ဆိုတာကတော့ တော်တော်ဆိုးတဲ့အခြေအနေလို့ ပြောလို့ရပါတယ်။" ■

## တိုင်းပြည်အကျိုးအတွက် စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဒေါ်အောင်ဆန်းစုကြည်ဖက်က အဆင်သင့်ရှိနေ

***ဗွီအိုအေ၊ ၉ နိုဝင်ဘာ၊ ၂၀၀၇***

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်အကျိုးအတွက် စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိနေတယ်လို့ ကုလသမဂ္ဂအထူး အကြံပေးပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီက တဆင့် အမှာစကားပါးလိုက်ပါတယ်။ ဒီအကြောင်းကို ဒေါ်ခင်စိုးဝင်းက တင်ပြထားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် အီဗရာဟင် ဂမ်ဘာရီရဲ့မြန်မာနိုင်ငံခရီးစဉ် အဆုံးသတ်ခဲ့ပြီးတော့ စင်္ကာပူနိုင်ငံကို ခရီးရောက်မဆိုက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့

မေတ္တာရပ်ခံချက်အရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်စား ကြေညာချက်ကို ဖတ်ပြပါတယ်။ အဲဒီကြေညာချက်ထဲမှာ–

"နိုင်ငံ့အကျိုးအတွက် တွေ့ဆုံဆွေးနွေးပွဲအောင်မြင်ရေး လုပ်ငန်းစဉ်အထမြောက်အောင် စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျမ အဆင်သင့် ရပ်တည်နေပါတယ်။ တွေ့ဆုံဆွေးနွေးမှုအတွက် လိုအပ်သလို ဝိုင်းဝန်းပံ့ပိုးပေးနေတဲ့ ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍကို ကျမ ကြိုဆိုပါတယ်။"

မစ္စတာ ဂမ်ဘာရီက ဆက်လက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ထဲမှာပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အရေးကြီးတဲ့ အချက်ကိုလည်း ဖတ်ပြပါသေးတယ်။

"ဒီမိုကရေစီ လူ့ဘောင်အသိုင်းအဝိုင်းမှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍ လိုအပ်တယ်ဆိုတာကို အပြည့်အဝနားလည်သဘောပေါက်ပါတယ်။ အထွေထွေအတွင်းရေးမှူးတယောက်အနေနဲ့ ကျမရဲ့ပါတီက ပါတီဝင်တွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို ကျမ လေးလေးနက်နက် လေးစားမိပါတယ်။ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ မူဝါဒတွေနဲ့လိုလားချက်တွေရဲ့ လမ်းညွှန်မှုကို ကျမခံယူသွားမှာပါ။ ဒါပေမဲ့ ဒီမိုကရက်တစ် သွေးစည်းညီညွတ်ရေးနဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးအတွက် အရေးတကြီးလိုအပ်နေတဲ့ အချိန်အခါဖြစ်တာကြောင့် အထူးသဖြင့် ကျမတို့ရဲ့ တိုင်းရင်းသားလူမျိုးစုတွေ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ အင်အားစုတွေ အဖြစ်နိုင်ဆုံး တက်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် သူတို့ရဲ့ အကျိုးစီးပွားတွေနဲ့ထင်မြင်ချက် သဘောထားတွေကို အလေးအနက်ထား စဉ်းစားပြီးတော့ တစိုက်မတ်မတ် ရပ်တည်ပေးဖို့က ကျမရဲ့ တာဝန်လို့ခံယူထားပါတယ်။"

ကုလသမဂ္ဂဌာနချုပ်ရဲ့ မနေ့က ကျင်းပတဲ့ ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ဒုတိယ ပြောခွင့်ရပုဂ္ဂိုလ် မစ် မေရီအိုကာဘဲကလည်း မစ္စတာ ဂမ်ဘာရီရဲ့ ခရီးစဉ်နဲ့ ပက်သက်ပြီး ရှင်းလင်းပြောပြပါတယ်။ အဲဒီမှာလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို မစ္စမေရီအိုကာဘဲက ထပ်မံဖတ်ပြပါသေးတယ်။

"ဒီအချိန်ကာလ တလျှောက်လုံးမှာ ကျမဖက်က ဝိုင်းဝန်းပြီး ရပ်တည်ပေးခဲ့ကြတဲ့ ကျမတိုင်းပြည်ထဲက လူတွေရော၊ ပြည်ပက ပုဂ္ဂိုလ် အဖွဲ့အစည်းတွေ အားလုံးကို ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ကျမနိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် တစိုက်မတ်မတ် ထောက်ခံအားပေးနေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုလည်း ကျေးဇူးဥပကာရတင်ရှိကြောင်း ပြောပါရစေ။ အောက်တိုဘာလ ၈ ရက်နေ့က ဝန်ကြီးဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့တာကိုလည်း ကျမကြိုဆိုပါတယ်။ အောက်တိုဘာလ ၂၅ရက်နေ့က ပထမအကြိမ် တွေ့ဆုံ ခဲ့တာဟာ အပြုသဘောဆောင်ပြီးတော့ ဒီထက်မက ရှေ့ဆက်ပုံမှန်ဆွေးနွေးသွားနိုင်ဖို့ကိုလည်း ကျမရှေးရှုနေပါတယ်။ ဒီပဏာမ အဆင့်တိုင်ပင်နှီးနှောပွဲတွေကို မကြာမီ အဆုံးသတ်နိုင်ဖို့ မျှော်လင့်နေပါတယ်။ ဒါမှသာ စစ်အစိုးရခေါင်းဆောင်ပိုင်းနဲ့ အနှစ်သာရရှိရှိ အချိန်ဇယားနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို အမြန်ဆုံးနဲ့အစောဆုံး စတင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အပြုသဘောဆောင်ဆွေးနွေးကြဖို့လမ်းကြောင်းကို လျှောက်လှမ်းဖို့ ကျမ သံဓိဋ္ဌာန်ချထားပြီးပါပြီ။ အစိုးရနဲ့အတူ ဖက်ပေါင်းစုံက သက်ဆိုင်သူတွေအားလုံး ဒီစိတ်ဓာတ်အတိုင်းကျမနဲ့အတူ ပူးပေါင်းကြဖို့ ဖိတ်ခေါ်ပါရစေ။ ကျမနိုင်ငံ တည်ငြိမ်ရေး၊ သာယာဝပြောရေးနဲ့ ဒီမိုကရေစီရေးဟာ တိုင်းပြည်တွင်း ငြိမ်းချမ်းစွာနေထိုင်မှု၊ လူ့အခွင့်အရေး အပြည့်အဝလေးစားလိုက်နာမှုအပေါ်မှာ မူတည်တယ်လို့ ကျမယုံကြည်ပါတယ်။ ကျမတိုင်းပြည်အတွက် အကောင်းဆုံး အလားအလာကတော့ ဒေသတွင်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးမှုအတွက် အိမ်နီးချင်းတွေ၊ အာစီယံနိုင်ငံတွေနဲ့ အနည်းကပ် မိတ်ဖက်တွေအဖြစ်နဲ့ အပြည့်အဝပါဝင် ဖြည့်ဆည်းရေး ကမ်းလှမ်းဖို့ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း လေးစားလောက်တဲ့ အဖွဲ့ဝင်အနေနဲ့ အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်ဖို့ဖြစ်ပါတယ်။"

မစ္စတာ ဂမ်ဘာရီရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဟာ မနေ့က အဆုံးသတ်ခဲ့ပြီး၊ သူ့ရဲ့ ခရီးစဉ် အောင်မြင်မှုအတိုင်းအတာနဲ့ ပက်သက်ပြီး မစ္စတာဂမ်ဘာရီက အခုလိုပြောပါတယ်။

"သက်ဆိုင်သူတွေ အားလုံးပါဝင်မယ့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးတိုးတက်အောင် ဆောင်ကျဉ်းကြမယ့် အခရာကျတဲ့ စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြားဆွေးနွေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးကို ဦးတည်မယ့် လုပ်ငန်းစဉ်ကို အခုကျွန်တော်တို့ ရရှိထားပါပြီ။ ဆွေးနွေးပွဲတွေ မြန်မြန်စလေ မြန်မာပြည်အတွက် ကောင်းလေပါပဲဗျာ"

ကုလသမဂ္ဂဌာနချုပ်မှာ မနေ့က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စ မေရီ အိုကာဘဲက မြန်မာနိုင်ငံရဲ့ဖြစ်ထွန်းမှုတွေနဲ့ ပက်သက်ပြီးတော့–

"နောက်ထပ်ကြိုဆိုရမယ့်ဖြစ်ထွန်းမှုကတော့ ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရဲ့ NLD ပါတီကခေါင်းဆောင်တွေနဲ့ မနက်ဖြန်တွေ့ခွင့်ပေးမယ်လို့ စစ်အစိုးရက ကြေညာလိုက်တာပါပဲ။"

အခုမစ္စတာ ဂမ်ဘာရီ နယူးယောက်ကို ပြန်လာနေပါပြီ။ သူ့ရဲ့ ခရီးစဉ်နဲ့ ပက်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို အပြည့်အဝ အစီရင်ခံခွင့်ရတော့မှာပါ။ မြန်မာစစ်အစစ်အစိုးရကလည်း မစ္စတာဂမ်ဘာရီကို ထပ်မံဖိတ်ကြားထားတယ်ဆိုတော့ လာမယ့်သတင်းပတ် အနည်းငယ်အတွင်းမှာ မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံကို ပြန်သွားဖို့ အလားအလာရှိတယ်လို့ မစ္စ မေရီ အိုကာဘဲက သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုသွားပါတယ်။ သတင်းထောက်တွေက မစ္စတာဂမ်ဘာရီ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ တွေ့ခွင့်ရခဲ့ပါသလားလို့မေးတဲ့အခါမှာတော့ တွေ့ခွင့်မရခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို မတွေ့ခဲ့ရတာဟာ ပြဿနာတရပ်လို့ ရှုမြင်ပါသလားလို့ မေးတဲ့အခါမှာတော့ မစ္စတာ ဂမ်ဘာရီရဲ့ ခရီးစဉ် တခုလုံးကို ခြုံကြည့်ရင်တော့ လေးနှစ်အတွင်းဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ် ထုတ်ပြန်တဲ့ ကြေညာချက်ကို သယ်ဆောင်လာနိုင်ခဲ့ကြောင်း မစ္စတာဂမ်ဘာရီ ကိုယ်တိုင်ကလည်း သူ့ရဲ့ ခရီးစဉ်နဲ့ ပက်သက်တဲ့အစီရင်ခံစာကို မကြာခင်ထုတ်ပြန်ဖို့ အစီအစဉ်ရှိတယ်လို့ မစ္စ မေရီအိုကာဘဲ ဖြေဆိုလိုက်ပါတယ်။ ■

---

## ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထားနှင့် ပတ်သက်ပြီး အန်အယ်လ်ဒီကြေညာချက်ထုတ်

*အာအက်ဖ်အေ၊ ၁၂ နိုဝင်ဘာ၊ ၂၀၀၇*

ပြီးခဲ့တဲ့နိုဝင်ဘာ ၉ ရက်နေ့က ကုလသမဂ္ဂ အထူးကိုစားလည်း မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံခရီးစဉ်ကအပြန် စင်ကာပူနိုင်ငံမှာ ထုတ်ပြန်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားရပ်တည်ချက်နဲ့ ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သဘောထားတထပ်တည်းဖြစ်ကြောင်း ဒီကနေ့ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

ကြေညာချက်ထုတ်ပြန်တာနဲ့ပတ်သက်ပြီး အန်အယ်ဒီပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးညဏ်ဝင်းက အာအက်ဖ်အေကို အတည်ပြုပြောဆိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပြီး ၂ ရက်အကြာ ဒီကနေ့ တနင်္လာနေ့မှာ အခုလို သဘောထား တရားဝင်ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နိုဝင်ဘာ ၈ ရက်နေ့က မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံက အပြန် တဆင့်ထုတ်ပြန်ခဲ့တဲ့ သဘောထားကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်နေနဲ့ မြန်မာအစိုးရက ဦးအောင်ကြည်ကို ဆက်သွယ်ရေးဝန်ကြီးခန့်အပ်တာကိုကြိုဆိုကြောင်း တွေ့ဆုံဆွေးနွေးရေး အောင်မြင်ဖို့အတွက် အ

စိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိတဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ကြေညာခဲ့ပါတယ်။

ဒီလိုကြေညာခဲ့ပြီး နောက်တစ်နေ့ သောကြာနေ့မှာ မြန်မာစစ်အစိုးရခေါင်းဆောင်တွေက ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို တရက်တည်း ၂ ကြိမ် တွေ့ဆုံစေခဲ့တဲ့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်အဖွဲ့ခေါင်းဆောင်တွေနဲ့လည်း တရက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်ပေးလိုက်ပါတယ်။ ■

## ကချင်ပြည်နယ် အန်အယ်လ်ဒီ ဒုဥက္ကဋ္ဌ ဦးနေဝင်းထောင် (၂)နှစ် ချခံရ

*အာအက်ဖ်အေ၊ ၁၁ နိုဝင်ဘာ၊ ၂၀၀၇*

ဗန်မော်မြို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘမြင့်ကို နိုဝင်ဘာလ ၉ ရက်နေကတကားပိတ်စစ်ဆေးပြီးတော့ မိသားစုဝင်တွေတောင်မသိလိုက်ရပဲ ဗန်မော်တရားရုံးက ထောင် ၂ နှစ်ချလိုက်တာကို အာအက်ဖ်အေက နိုဝင်ဘာလ ၁၀ ရက်နေ့ကတင်ပြခဲ့ပြီးဖြစ်ပါတယ်။

အခုနောက်ထပ်ကြားသိရတဲ့သတင်းတရပ်မှာ မြစ်ကြီးနားမြို့က ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းကိုလည်း အဲဒီကနေပဲထောင် ၂ နှစ်ချခဲ့ကြောင်းသိရပါတယ်။

ဒီကိစ္စနဲ့ပတ်သတ်လို့ တရားရုံးကို ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ ဦးနေဝင်းရဲ့ ဇနီးက အခုလ ၇ ရက်နေ့ ညနေကမှ ပုဒ်မ ၅၀၅ (ခ) နဲ့ ဆွဲတယ်ဆိုတာသိရတယ်။ နံနက်ဆယ်နာရီမှာ တရားရုံးဝင်ရတယ်၊ တရားသူကြီးက ၁၅ မိနစ် ရှေ့နေငှားခွင့်ပေးတယ်၊ ဆယ်ငါးမိနစ်ဆိုတော့ ရှေ့နေလည်းဘယ်လိုမှ ငှားလို့မရဘူး၊ ဦးနေဝင်းက ကျွန်တော်ရှေ့နေ နောက်ထပ်ရက်ချိန်းပေးဘို့ တောင်းပန်ပေမဲ့ မရပဲ အခုတခါတည်း စစ်မယ်ဆိုပြီ စစ်ခဲ့တယ် အဲ့ဒီနေ့ တနေ့လုံးအမှုစစ်ပြီး ညနေကျတော့ အမိန့်ချလိုက်တာပဲလို့ ပြောပါတယ်။

ပြီးခဲ့တဲ့သောကြာနေ့ကထောင်ချလိုက်တာကြောင့် ထောင်ဝင်စာကိုတော့ နောက်တပတ်မှ တွေ့ခွင့်ရမယ်လို့ သူကပြောပါတယ်။ မြစ်ကြီးနားနဲ့ ဗန်းမော်က အန်အယ်လ်ဒီအဖွဲ့ဝင်တွေကို ထောင်ချလိုက်သလို အဲဒီနေက တရက်တည်းမှာပဲ မိုးညှင်းမြို့က အန်အယ်လ်ဒီအဖွဲ့ဝင် ဦးကျော်မင်းနဲ့ ဦးဖေစိန်တို့ကို မိုးညှင်းမြို့နယ် တရားရုံးမှာ ပုဒ်မ ၅၀၅(ခ) တရားစွဲထားပြီး အခု



အထိ စစ်ဆေးခံနေရတယ်လို့ မိုးညှင်းအင်န်အက်လ်ဒီ အဖွဲ့ဝင်တစ်ယောက်က ပြောပါတယ်။

သူတို့နှစ်ယောက်ကိုအရင်က ဟိုပင်းမြို့ အချုပ်ခန်းမှာ ချုပ်ထားပြီးတော့ နိုဝင်ဘာလ ၉ ရက်သောကြာနေက မိုးညှင်းမြို့နယ် တရားရုံးက ၅၀၅ (ခ) ဆူပူအုံကြွအောင်လှုပ်ဆော်မှုနဲ့ရုံးတင်စစ်ဆေးတာပါ။ အဲ့ဒီနေ့က အမှုစစ်ရင်းနဲ့ မိုးချုပ်သွားတော့ ၊ တနလာ်နေ့ကျမှာ ဆက်စစ်ဘို့ ချိန်းလိုက်တယ်လို့ မိုးညှင်းမြို့ အင်န်အက်လ်ဒီအဖွဲ့ဝင်တဦးက ပြောပါတယ်။

ဦးဖေစိန်ဟာအသက် ၇၄ နှစ်ရှိပြီး လူကြီးတစ်ဦးဖြစ်ပြီးတော့ ဦးကျော်မောင်ကတော့ အသက် ၆၀ ကျော်ပြီးဖြစ်ပါတယ်။ စက်တင်ဘာလ ဆန္ဒပြပွဲတွေကို နှိမ်နင်းခံရအပြီးမှာ မြန်မာစစ်အစိုးရ ဒေသခံအာဏာပိုင်တွေက မိုးညှင်းမြို့က သံဃာ ၁၂ ပါးနဲ့ အန်အယ်လ်ဒီ အဖွဲ့ဝင်တွေကို ဖမ်းဆီးခဲ့တာပါ။ အဖမ်းဆီးခံရသူတွေထဲက အချို့ကို လွှန်ခဲ့တဲ့လက ပြန်လွှတ်ပေးခဲ့ပေမဲ့ ဦးဖေစိန်နဲ့ ဦးကျော်မောင် နှစ်ယောက်ပဲ ကျန်နေတာဖြစ်ပါတယ်။ ■

## အန်အယ်လ်ဒီခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ သုံးနှစ်အတွင်း ပထမဆုံး တွေ့ခွင့်ရ

*ဗွီအိုအေ၊ ၉ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့ အဲန်အယ်လ်ဒီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်တချို့နဲ့ စစ်အစိုးရစီစဉ်ပေးထားတဲ့ စိမ်းလဲ့ကန်သာ ဧည့်ဂေဟာမှာ ဒီနေ့ တွေ့ဆုံဆွေးနွေးပါတယ်။ အကြောင်းစုံကို ဦးသိန်းထိုက်ဦးက အစီရင်ခံထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အစိုးရက ခန့်ထားတဲ့ ဆက်ဆံရေးအရာရှိ အလုပ်သမားရေးဝန်ကြီးဦးအောင်ကြည်နဲ့ ပထမတွေ့ဆုံခဲ့ပါတယ်။ နောက်ပိုင်းမှာ အဲန်အယ်လ်ဒီခေါင်းဆောင်တွေနဲ့ သီးသန့် ဆွေးနွေးခွင့်ရခဲ့တာဖြစ်ပါတယ်။ အဲန်အယ်လ်ဒီ ခေါင်းဆောင်တွေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား နှစ်နာရီကြာတွေ့ဆုံခဲ့တယ်လို့ အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကျန်းကျန်းမာမာနဲ့ ဆွေးနွေးစရာကိစ္စတွေကို တည်တည်ငြိမ်ငြိမ် ဆွေးနွေးခဲ့တဲ့ကြောင်းနဲ့ ကုလသမဂ္ဂရဲ့ မြန်မာ့အရေး ကြားဝင်ကြိုးပမ်းမှုတွေအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အကောင်းမြင်မျှော်လင့်ထားတဲ့အကြောင်း အဲန်အယ်လ်ဒီ သတင်းရပ်ကွက်က ပြောပါတယ်။

အခုလို စစ်အစိုးရဖက်က စီစဉ်ပေးတာဟာ ကျေနပ်စရာ အနေအထားဖြစ်တဲ့အကြောင်း ဦးလွင်ကပြောပါတယ်။ အဲန်အယ်လ်ဒီ ခေါင်းဆောင်တွေအနေနဲ့ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ခွင့်ရခဲ့တယ်လို့လည်း ပြောပါတယ်။ ရိုးရာအရ ဒေါ်အောင်ဆန်းစုကြည်က အဲန်အယ်လ်ဒီခေါင်းဆောင်တွေကို ကန်တော့ခဲ့ပြီး အဲန်အယ်လ်ဒီအနေနဲ့ ဆက်လက်ဆောင်ရွက်မယ့် ကိစ္စတွေကို ဆွေးနွေးခဲ့တဲ့အကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဂမ်ဘာရီနဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ အခြေအနေတွေကိုလည်း အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေအကြားမှာ ပြန်လည်တင်ပြ ဆွေးနွေးခဲ့တာတွေ ရှိတယ်လို့ ဦးလွင်ကပြောပါတယ်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးဖို့ နိုင်ငံတကာက တောင်းဆိုနေချိန်မှာ မြန်မာစစ်အစိုးရဖက်က ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြည်ပနိုင်ငံတွေရဲ့ ပိတ်ဆို့အရေးယူမှုတွေကို လက်မခံဖို့နဲ့ ထိပ်

တိုက်ရင်ဆိုင်ရေးမှုတွေကို စွန့်လွှတ်ဖို့ ကြိုတင်သတ်မှတ်ချက်တွေ ထုတ်ထားပါတယ်။

ဒီလို ကြိုတင်သတ်မှတ်ချက်တွေနဲ့ပတ်သက်လို့ စစ်အစိုးရကို ပြန်လည် ဖြေရှင်းရေးကိစ္စတွေအပြင် မကြာသေးခင်ကဖြစ်ပျက်ခဲ့တဲ့ မြန်မာနိုင်ငံအတွင်း ဆန္ဒပြပွဲတွေနဲ့ အကြမ်းဖက် နှိမ်နင်းခံရတာမျိုးတွေ ထပ်ပြီးမပေါ်ပေါက်ရေးကိစ္စတွေကိုလည်း ဆွေးနွေးခဲ့တဲ့အကြောင်း ဦးလွင်က ပြောသွားတာပါ။

မြန်မာနိုင်ငံမှာ မကြာသေးခင်ကပေါ်ပေါက်ခဲ့တဲ သံဃာထုနဲ့ လူထုလှုပ်ရှားမှုတွေကို စစ်အစိုးရက အကြမ်းဖက် နှိမ်နင်းခဲ့တာတွေဟာ တိုင်းပြည်နဲ့ပြည်သူတွေအတွက် ဆုတ်ယုတ်မှုတစ်ခုဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ရှုမြင်ထားတဲ့အကြောင်း အဲန်အယ်လ်ဒီ သတင်းရပ်ကွက်က ပြောပါတယ်။ အဲန်အယ်လ်ဒီအနေနဲ့ ဒီနေ့ တွေ့ဆုံဆွေးနွေးခဲ့တာတွေနဲ့ပတ်သက်လို့ ကြေညာချက်ထုတ်ပြန်ဖို့ အစီအစဉ်ရှိတယ်လို့ ဦးလွင်ကပြောပါတယ်၊ ညနေပိုင်းအထိတော့ ကြေညာချက် ထွက်လာတာ မတွေ့ရသေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံပြီး ညနေ ၃ နာရီခွဲလောက်မှာ အဲန်အယ်လ်ဒီရုံးကို အဲန်အယ်လ်ဒီ ခေါင်းဆောင်တွေ ပြန်ရောက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် မြန်မာစစ်အစိုးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆင့်သင့်ရှိတဲ့အကြောင်း မနေ့ကပဲ ကုလသမဂ္ဂ ကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ ကတဆင့် ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

စစ်အစိုးရ ခန့်ထားတဲ့ ဗိုလ်ချုပ်ဟောင်း ဦးအောင်ကြည်ကတဆင့် ကြိုတင်ညှိနိုင်းမှုတွေကနေ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတွေအထိ အမြန်ဆုံး အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က မျှော်လင့်ထားပါတယ်။

ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်လ်ဒီခေါင်းဆောင်တွေ တွေ့ဆုံခွင့်ရခဲ့တာဟာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြီးခဲ့တဲ့သုံးနှစ်အတွင်း အဲန်အယ်လ်ဒီ ခေါင်းဆောင်ပိုင်းနဲ့ ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်အတွင်းက အမျိုးသားညီလာခံ ကိစ္စနဲ့ပတ်သက်ပြီး အဲန်အယ်လ်ဒီ ခေါင်းဆောင်တွေနဲ့ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါတယ်။ ■

---

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေရုပ်ပုံမှာ အမျိုးသမီးအတွင်းခံဘောင်းဘီများ အုပ်ထားခြင်းခံရ

*ဗွီအိုအေ၊ ၈ နိုဝင်ဘာ၊ ၂၀၀၇*

ရန်ကုန်မြို့လယ်ခေါင်၊ ဗိုလ်အောင်ကျော်လမ်းမှာ ဒီကနေ့ နေ့လည်ပိုင်းက ဆန္ဒပြမှုတခုဖြစ်ခဲ့ပါတယ်။ ဖြစ်ခဲ့တဲ့ ဆန္ဒပြပွဲက ထူးထူးခြားခြား ပုံစံတမျိုးဖြစ်တယ်တယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။ ဒီကိစ္စနဲ့ပက်သက်ပြီး ဦးကျော်ကျော်သိန်းက တင်ပြထားပါတယ်။

အရင် စက်တင်ဘာလဆန္ဒပြပွဲတွေတုံးကလို ချီတက်ပြီးတော့ ကြွေးကြော်သံတွေ အော်ဟစ်ကြတာမျိုးလို မဟုတ်ပါဘူး။ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ရုပ်ပုံမှာ အမျိုးသမီးအတွင်းခံဘောင်ဘီတွေအုပ်၊ ကြွေးကြော်သံတွေအော်ဟစ် ဆန္ဒပြခဲ့ကြတာပါတဲ့။ ဆန္ဒပြခဲ့ကြတာကို မျက်မြင်တွေ့လိုက်ရတဲ့ ရန်ကုန်မြို့ခံတဦးက သူမြင်တွေ့လိုက်ရတာကို အခုလိုပြောပြပါတယ်။

“ ဒီနေ့ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းမှာ လူအင်အားတော့ တော်တော်များတယ်ခင်ဗျ၊ ပိုစတာတွေကိုင်ပြီး ဆန္ဒပြတာကိုတော့ ကျနော်တို့ တွေ့ခဲ့တယ်အကို၊ သူတို့ကိုင်ထားတဲ့ ပိုစတာတွေပေါ့နော်၊ ဒီ နအဖ ဗိုလ်ချုပ်ကြီးသန်းရွှေပုံရဲ့ခေါင်းမှာ အမျိုးသမီးအတွင်းခံဘောင်ဘီကို စွပ်ထားတာ ကျနော်တို့တွေ့ရတယ်။ နောက်ပြီး ကြွေးကြော်သံတွေလည်းအော်ဟစ်တယ်။ နောက်ပြီး ပြည်သူလူထုက အားပေးမှုတွေလည်း တွေ့ရတယ်အကို။ ကျနော်တို့ကိုယ်လည်း လက်ခုပ်တီးပြီး အားပေးကြတယ်၊ အဲဒီမှာ လုံခြုံရေးရဲတွေရောက်လာပြီးတော့ ဆန္ဒပြတဲ့လူစုလည်း လူစုခွဲသွားကြတယ်။ ကျနော်တို့လည်း လွတ်အောင်ရှောင်ခဲ့ကြတယ်။”

ဘယ်လောက်ထိကြာလိုက်လဲ။

“မိနစ်ပိုင်းလောက်တော့ ကြာတယ်၊ ရသလောက်အချိန်တွေကို သူတို့ လုပ်သွားတာအကို၊”

နောက် ဖမ်းဆီးတာတွေရောရှိသေးလား။

“သူတို့လိုက်ဖမ်းတဲ့အခါကျတော့ ဆန္ဒပြတဲ့လူစုက အုပ်စုခွဲလိုက်တဲ့အခါကျတော့ ကျနော်တို့လည်း ရှောင်လိုက်ရတော့ နောက်ပိုင်းတော့ ကျနော်တို့လည်းမတွေ့လိုက်ရဘူးအကို။”

အမျိုးသမီးအတွင်းခံဘောင်းဘီတွေကို သုံးပြုပြီးတော့ ဆန္ဒပြကြတာဟာ ထိုင်း–မြန်မာနယ် စပ်အခြေစိုက် အမျိုးသမီးအဖွဲ့တဖွဲ့က စခဲ့တာလို့ပြောရမှာပါ၊ Lanner Action for Burma လို့ခေါ်တဲ့ အမျိုးသမီးအဖွဲ့တဖွဲ့က ပြီးခဲ့တဲ့ အောက်တိုဘာလ(၁၆)ရက်ကစပြီး ကမ္ဘာတဝှမ်းက မြန်မာစစ်အစိုးရ သံရုံးတွေဆီ အမျိုးသမီးအတွင်းခံဘောင်းဘီတွေပို့ဖို့ လှုံ့ဆော်ခဲ့ပါတယ်။ မြန်မာစစ်အစိုးရဟာ အမျိုးသမီးတွေအပေါ်မှာ နှိပ်စက်၊ ညှင်းပမ်း၊ အနိုင်ကျင့်တယ်ဆိုပြီးတော့ သတင်းဆိုးနဲ့ ကျော်ကြားတာကြောင့် အခုလို အမျိုးသမီးဘောင်းဘီတွေပို့တာကို ကမ္ဘာတဝှမ်းက အမျိုးသမီးထုက ထောက်ခံတာကိုပြသတာဖြစ်ပါတယ်လို့ (Lanner Action for Burma) ရဲ့ အဖွဲ့ဝင်အမျိုးသမီးတဦးက ပြောပြခဲ့ဖူးပါတယ်ခင်ဗျ။ ■

---

## ကြခတ်ဝိုင်းဆရာတော်ကို အကြည်အညိုပျက်ပြီး ကျောင်းတိုက်က သံဃာတော်များကို ဆွမ်းမလောင်းကြတော့

*ဒီဗွီဘီ ၊ ၉ နိုဝင်ဘာ၊ ၂၀၀၇*

စစ်အစိုးရနဲ့ ပူးပေါင်းပြီး သံဃာတွေ ဦးဆောင်တဲ့ ဆန္ဒပြပွဲတွေအပေါ် ဝေဖန်ပြောဆိုမှုတွေ ပြုလုပ်နေတဲ့ ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်က ကျောင်းထိုင်ဆရာတော်ကြီးအပေါ် အကြည်အညိုပျက်ပြီး ကျောင်းတိုက်က သံဃာတွေကို ဆွမ်းလောင်းလှူတာတွေ ဆက်ပြီး မလုပ်ကြတော့ဘူးလို့ ဒေသခံတွေက ပြောပါတယ်။ ငွေကြေးလှူဒါန်းနေတဲ့ အလှူရှင်တွေကလဲ ဆရာတော်ကြီးရဲ့ လုပ်ရပ်တွေအပေါ် မကျေမနပ်ဖြစ်ပြီး အလှူဒါနပြုတာတွေ ရပ်ဆိုင်းသွားကြပြီလို့ မြို့ခံတွေက ပြောပါတယ်။ ဒီ အခြေအနေနဲ့ ပတ်သက်ပြီး ပဲခူး မြို့ခံတဦးက အခုလို ပြောပြထားပါတယ်။

“တော်တော်များများကတော့နော် သူ့ကို မကိုးကွယ်တော့ဘူး။ ဆွမ်းလောင်းလှူတာတွေ ဘာတွေတောင် တော်တော်ကို နည်းသွားပြီ။ အရင်ဆိုရင် ကြခတ်ဝိုင်း ဆွမ်းလှည့်ပြီးဆိုရင် ရပ်ကွက်တွေ ရပ်ကွက်တွေ လမ်းတွေ လမ်းတွေက ထွက်ထွက်လောင်းတာ အများကြီးပဲ။ အခုဆို အရမ်းကို နည်းပါးသွားပြီ။ သိပ် ခရေစီဖြစ်တဲ့ လူတွေလောက်ပဲ အဲလို နည်းနည်းပါးပါးလောက်ပဲ ကျန်ခဲ့တော့တယ်။ ဘုန်းတန်ခိုးကို ရှမ်းရှမ်းတောက် ပဲခူးတမြို့လုံးက ကြည်ညိုလေးစားခဲ့တာ။ ပဲခူး တမြို့လုံးက ကြည်

ညိုလေးစားတဲ့ ဆရာတော်ကြီး အခုကျတော့ အဲလိုမျိုး ဖြစ်တယ်ဆိုတော့ အားလုံးက ဒီ အကြောင်းဆို မပြောနဲ့တော့ မကြားချင်တော့ဘူး။ မလှူတော့ဘူး မလောင်းတော့ဘူး အဲလိုမျိုး ပျက်ရယ်ပြုတဲ့ ပုံစံမျိုးရောက်သွားတာပေါ့ ဆရာတော်ကြီးက။ ဟို ဘယ်လိုကျန်မလဲဆိုတော့ ရန်ကုန်မှာဆိုလို့ရှိရင် ဆရာတော်ကြီးကို တကယ့် ကိုးကွယ်တဲ့ တကယ့် သူဌေးတွေပေါ့နော်။ သူ့အုပ်စုတွေ အများကြီး ရှိပါတယ်။ အရင်က ကထိန်ဆို ခြိမ်းခြိမ်းတိုက် လာခဲ့တဲ့ လူတွေပေါ့နော်။ အဲဒီလူတွေ အကုန်လုံးက ဆရာတော်ကို ဘရိတ်အုတ်သွားပြီ။ လစဉ် ဈေးကဟာတွေ လစဉ်ဆွမ်းကြေးဆိုပြီး လုပ်တဲ့ဟာတွေ ဖြတ်ပိုင်းတွေလဲ ရပ်သွားပြီ။ ဆရာတော်ကြီး ကျန်းမာရေး စရိတ်ဆိုပြီး လစဉ်ကြေးပေးတဲ့ လူတွေဆိုလဲ မပေးကြတော့ဘူး အကုန်လုံး။ အဲလိုမျိုး ဖြစ်ကုန်ကြတယ်။ အကုန်လုံးက ဆရာတော်ကြီးနဲ့ ပတ်သက်တာတွေ အကုန်လုံးဖြတ်ပလိုက်ကြတယ်။ ဒါပေမဲ့ ဆရာတော်ကြီးက သိန်းသုံးထောင်ကျော်ရှိတော့ သူကလဲ ခပ်တင်းတင်း တရားပွဲမှာပြောတယ်။ ငါ့ပိုက်ဆံ သန်းသုံးထောင် ခုနှစ်ရာကျော် ရှိတယ်။ နင်တို့က ဂရုစိုက်စရာမလိုဘူး။ လှူချင်လှူ မလှူချင်နေ ဂရုမစိုက်ဘူး။ အဲလို ပုံစံမျိုးပြောတယ်။ သူကတော့ ခပ်တည်တည်ပဲ ငါ့ကျောင်းကို ဘယ်သူလာလာ မလာလာ သူယုတ်မာတသောင်း ဘယ်လောက်ပင် ရှုတ်ချပါစေ။ သူတော်ကောင်းတယောက် သူ့ကိုကျေနပ်ရင် ပြီးရောတဲ့ သူက အဲလိုမျိုး ပြောတယ်။” ကြခတ်ဝိုင်း ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး ပဲခူးမြို့ခံတဦး ပြောပြသွားတာပါ။

ကြခတ်ဝိုင်း ကျောင်းတိုက်က ဆရာတော်ကြီး သူ့ကျောင်းက သံဃာတော်တွေကို နေ့စဉ် ဆွမ်းဘုန်းမပေးခင် ပြည်ပမီဒီယာတွေအပေါ် ဝေဖန်ချက်တွေကို ရွက်ခိုင်းနေတဲ့အတွက် သံဃာတော်အများအပြား ကျောင်းတိုက်အတွင်းကနေ ထွက်ခွာသွားကြပြီလို့လဲ အဆိုပါ ပဲခူးမြို့ခံကပဲ အခုလို ဆက်ပြောပြပါတယ်။

“ကြားတာကတော့ ဆွမ်းစားခါနီးကျရင်တဲ့ သူ့သံဃာတွေက ဘာရွက်ရလဲဆိုတော့ ဘီအိုအေ လိမ်နေသည်။ ဘီဘီစီ ညာနေသည်။ အာအက်ဖ်အေ ရန်တိုက်ပေးသည်။ မုသာဝါဒ မိုးလုံးပစ်၍ ပြောဆိုနေသည်။ သံဃာတွေက မရွက်ချင်ဘဲ ဆရာတော်ကတိုင်ပေးတော့ တိုးတိုး တိုးတိုးနဲ့ ရွက်နေတယ်လို့ ကြားတယ်။ အဲဒါလေ အဲဒီကျောင်းကို အမြဲတမ်း ဝင်ထွက်နေတဲ့ သူ့ကျောင်းဒကာအရင်းကကို ပြောပြတာ။ အဲဒီ ကျောင်းဘေးနားက လူတွေက ပြောပြတယ်။ ဒီနေ့လဲ သံဃာတွေ ထပ်ထွက်သွားလိုက်တာ ကထိန်ပြီးတော့ သံဃာတော်တွေပေါ့နော် ပြန်ကုန်ကြတာတဲ့။ အခုဆို လေးရာတောင် မပြည့်တော့ဘူး။ သုံးရာကျော်ကျော်ပဲ ကျန်တော့တယ်တဲ့။ အဲလို ထမင်းစားရင် ရွက်ရတာကို စိတ်ဆိုးကြလို့တဲ့။” ပဲခူးမြို့ခံတဦး ပြောပြသွားတာ ဖြစ်ပါတယ်။

အခုလ လေးရက်နေ့က ကပ်လှူတဲ့ ကထိန်သင်္ကန်း ကပ်လှူပွဲမှာလဲ ဒကာအရင်းတွေ ကိုယ်တိုက်က မလာကြတော့တဲ့အတွက် ကြံ့ခိုင်ရေးနဲ့ ရယက အဖွဲ့ဝင်တွေကို မလာမနေရ ဖိတ်ခေါ်ခဲ့ရတယ်လို့လဲ ဆက်လက် ပြောပြသွားပါတယ်။

“ဒီ ကထိန်တုန်းကလဲ သူ့ရဲ့ အရင်က ဒကာအရင်းတွေ ဖြစ်တဲ့ သူတွေက မသွားကြတော့ဘူး။ အခု (၃၁) ရပ်ကွက်က ရဝတ ဥက္ကဋ္ဌတွေဆို မတက်မနေရ အကုန်တက်ခိုင်းတယ်။ သူနဲ့ပါ ကြိုက်သလောက် လူပါ။ လူနှစ်ဆယ်လဲ ရတယ်။ လူသုံးဆယ်လဲ ရတယ်။ လာပေါ့နော် အဲလိုမျိုး ကထိန်မှာ လာရတယ်ပေါ့။ (၃၁) ရပ်ကွက်က လူကြီးတွေ လာတယ်။ လာတော့ အဲဒီ ရပ်ကွက်လူကြီးတွေကို ဆရာတော်က ဘွဲ့လက်မှတ်လိုလို အဲလိုမျိုးပေါ့နော် ဂုဏ်ထူးဆောင် ရပ်ကွက်အေးချမ်းအောင် ထိန်းသိမ်းတယ်ဆိုတဲ့ လက်မှတ်မျိုး ဆရာတော်က ပေးတယ်တဲ့။ အဲလိုမျိုးလဲပါတယ်။ ဒီ တိုင်းမှူး လာတယ်ပေါ့။ အဲဒီက တပ်က ကားနဲ့ သုံးစီးလာတယ်လို့ ပြောတယ်။ အာဏာပိုင်အဖွဲ့အစည်းတွေက တော်တော်များများ လာကြသေးတယ်ပေါ့။ စစ်ကားကြီးနဲ့ သုံးစီးလာကြတယ်။ အဲလို လာတယ်ပေါ့၊ အဲလို အာဏာပိုင်အဖွဲ့အစည်းက လူတွေရယ် ဒီ (၃၁) ရပ်ကွက်က လူတွေရယ် ကြံ့ဖွတ်သော ဘာသော ညာသော အဲလို အလကား စားမဲ့သူတွေပေါ့နော် အဲလိုမျိုး လူတွေ ရပ်ကွက် လူကြီးတွေ မတက်မနေရ အဲဒီ စွမ်းအားရှင်တွေ ဘာတွေ ညာတွေ လာတက်တာ အဲဒါနဲ့ပဲ အင်အားများတယ်လို့ ပြောတယ်။ ဒီပြင် သူ့ကို ထိထိရောက်ရောက် ကိုးကွယ်တဲ့ လူတွေက သုံးလေးယောက်လောက်ပဲ လာတယ်လို့ ပြောတယ်။ အရင်က ကိုးကွယ်တဲ့လူ ဘယ်လောက်များလဲဆို ကထိန်ဆို လက်မှတ်နဲ့ ကြွရတယ်။ လက်မှတ်နဲ့ အဲလိုမျိုး လာရတာ။ အခုတော့ အဲလိုမျိုး မရှိတော့ဘူး။ အရင်ဆို သွန်းဘုရား ရပ်ကွက် တခုလုံးဆိုရင် သူ့ကို ကိုးကွယ်တဲ့ လူတွေပဲပေါ့နော်။ အဲလို တရပ်ကွက်လုံး လာကြတယ်။ ညောင်ဝိုင်းပိုင်းက လာကြတယ်။ အခု အဲဒါတွေက ဘယ်သူမှမလာကြဘူး။ အရမ်းကို နည်းသွားတယ်။” ပဲခူးမြို့ ကြခတ်ဝိုင်း ဆရာတော်ကြီးရဲ့ လုပ်ဆောင်ချက်တွေ အပေါ် မြို့ခံလူထုနဲ့ အလှူရှင်တွေက မကျေမနပ် ဖြစ်နေတဲ့အကြောင်း ပဲခူးမြို့ခံတဦးပြောပြသွားတာ ဖြစ်ပါတယ်။ ■

## မြန်မာ့ဒီမိုကရေစီရေးအတွက် အနုပညာရှင်များ ဆက်လက်တိုက်ပွဲဝင်သွားမည်

*ဒီဗွီဘီ ၊ ၉ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာနိုင်ငံမှာ စစ်အစိုးရပြုတ်ကျပြီး စစ်မှန်တဲ့ဒီမိုကရေစီရဖို့အတွက် ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေနဲ့အတူ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ကြောင်း တေးရေးဆရာတွေ ကဗျာဆရာတွေနဲ့၊ စာရေးဆရာတွေက ဒီကနေ့ ထပ်မံပြောဆိုလိုက်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့တဲ့အတိုင်း မေတ္တာတရားကိုရှေ့ထားပြီး ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့ တိုင်းပြည်မှာ စစ်မှန်တဲ့ ဒီမိုကရေစီရတဲ့အထိ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ကြောင်း နာမည်ကျော်တေးရေးဆရာတဦးဖြစ်တဲ့ ကိုရဲလွင်က ဒီဗွီဘီကို အခုလို ပြောပြပါတယ်။

“အများ ဆန္ဒအတိုင်းပဲ အေးအေးချမ်းချမ်းတော့ ဖြစ်စေချင်တယ်။ အေးအေးချမ်းချမ်းကလဲ အခု ပုံစံမျိုးတော့ မဖြစ်သေးဘူးလို့ပဲ မြင်တယ်လေ။ အဲတော့ တခုခုကတော့ တောင်းဆိုဖို့လုပ်ကြမှာပေါ့ လူတွေကတော့ ဒီအတိုင်းတော့ ငြိမ်နေကြမှာတော့ မဟုတ်ဘူး။ ဘယ်လိုလုပ်ကြမလဲ ဆိုတာတော့ အရှိန်ယူနေကြတဲ့ သဘောတော့ရှိတယ်။ ကျနော်ကတော့ မေတ္တာဘာဝနာကို အားကိုးပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက်က မေတ္တာနဲ့ပဲ နိုင်ဖို့ဆိုတာရှိတယ်လေ။ အခုလဲ မေတ္တာပို့နေတာပေါ့။ ဒါပဲလုပ်နေပါတယ်။ တခြားမိတ်ဆွေတွေလဲ မေတ္တာအားထုတ်ဖို့ တိုက်တွန်းတယ်။”

လူထုကြီးကြပ်မှုကော်မတီရဲ့ လမ်းညွှန်မှုအောက်မှာ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေနဲ့အတူ အကြမ်းမဖက်နဲ့ အနုနည်းနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ကြောင်း ကဗျာဆရာများ သမဂ္ဂအဖွဲ့ဝင် ကဗျာဆရာတဦးကလဲ။

“ကဗျာဆရာများ သမဂ္ဂအနေနဲ့ ကျနော်တို့က အကြမ်းမဖက်တဲ့ အနုနည်းနဲ့တိုက်ပွဲ ဆက်လက်ဝင်သွားမှာပါ။ ကျနော်တို့က အကြမ်းမဖက်တဲ့ နည်းကိုပဲ သုံးမှာပါ။ ကျနော်တို့က လူထုလှုပ်ရှားမှုအဖွဲ့မှာပါတဲ့ အဖွဲ့အစည်းအားလုံးနဲ့ပေါ့လေ ညီညီညွတ်ညွတ်နဲ့ တက်တက်ကြွကြွနဲ့ ငြိမ်းငြိမ်းချမ်းချမ်းပဲ ဆက်လက်လုပ်သွားမှာပါ။ သံဃာတွေကတော့ အဓိကပေါ့။”

မြန်မာနိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ စစ်မှန်တဲ့ လွတ်လပ်မှုတွေ မရမချင်း လူထုတိုက်ပွဲတွေ ဆက်လက်ရှိနေအုံးမှာပဲဖြစ်ပြီး စစ်မှန်တဲ့ ဒီမိုကရေစီရရှိဖို့အတွက် ရဟန်းရှင်လူ ကျောင်းသား ပြည်သူတွေနဲ့အတူ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ကြောင်း ရန်ကုန်မြို့က အမည်မဖော်လိုတဲ့ စာရေးဆရာတဦးက အခုလို ပြောဆိုသွားခဲ့ကြောင်းပါ။

"ကျနော်တို့ တိုင်းပြည်မှာ နံပါတ်တစ် လွတ်လပ်မှုပေါ့နော်။ အဲဒီ လွတ်လပ်မှုက ဘာတွေပါမလဲဆိုတော့ အနုပညာရေး၊ စာရေးဝတ်ရေး၊ နေရေး အမျိုးသားစီးပွားရေးပေါ့။ အားလုံး လွတ်လွတ်လပ်လပ်ဖြစ်လာမှ ကျနော်တို့လဲ ရှင်သန်ကြမယ်။ ရှင်သန်ပြီးတော့မှ ဒီထက်အသစ်တွေ တိုးတက်တီထွင်လာနိုင်ကြမယ်။ ဒီလိုလွတ်လပ်မှုမျိုးမရရင် ကျနော်တို့ တိုးတက်တီထွင်ဖန်တီးနိုင်ကြမှာလဲ မဟုတ်ဘူး။ အဲဒါကြောင့် ကျနော်တို့ကတော့ အခြေအနေ ပေးသလောက်၊ အခြေအနေရသလောက် တိုင်းပြည်ရဲ့ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လူ့အဖွဲ့အစည်းမရောက်မချင်းကတော့ တိုက်ပွဲက ဆက်လက်ရှိနေကြမှာပါပဲ။ အဲဒီအတွက်လဲ အားပျိုးနေကြမှာဖြစ်ပါတယ်။" ■

## ပခုက္ကူသံဃာတွေကို မေတ္တာပို့လမ်းလျှောက်ဖို့ စာကပ်တိုက်တွန်း

*ဒီဗွီဘီ၊ ၉ နိုဝင်ဘာလ၊ ၂၀၀၇*

မကွေးတိုင်း ပခုက္ကူမြို့က သံဃာတော်တွေကို မေတ္တာသုတ် ရွတ်ပြီး လမ်းလျှောက်ထွက်ဖို့ တိုက်တွန်းထားတဲ့စာတွေ မြို့ပေါ်ရှိ စာသင်တိုက်ကြီး လေးခုနဲ့ အခြားဘုန်းကြီးကျောင်းတွေမှာ ကပ်ထားတယ်လို့ သံဃာတော်တပါးက မိန့်ကြားပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး ပခုက္ကူမြို့က စာသင်တိုက်ကြီးတခုက သံဃာတော်တပါးကို ဒီဗွီဘီက ဆက်သွယ်လျှောက်ထား မေးမြန်းတဲ့အခါ စာရွက်တွေကပ်ထားတဲ့အကြောင်း အခုလို စတင်မိန့်ကြားပါတယ်။

"အင်း ဒီကနေ့ မနက်ပိုင်းကပ်တာလို့ ဦးဇင်းတို့ ယူဆတယ်။ ဘာလို့လဲဆိုတော့ မနက်အစောကြီးတုန်းကတော့ မတွေ့ဘူး။ ဦးဇင်းတွေ သံဃာတွေ ဆွမ်းခံကြွတဲ့အချိန်ကျ ရောက်လာတယ်ဆိုတော့ မနက်ပိုင်းမှာ ကပ်တာလို့ ဦးဇင်းတို့ ယူဆတယ်။ ဘယ်သူတွေက ကပ်တယ်လို့တော့ အသေအချာမသိဘူးပေါ့ ဦးဇင်းတို့တော့မကြာဘူး ဖြုတ်တော့ဖြုတ်သွားတာပဲ သံဃာတွေ အပြင်ဖက်ထွက်ပြီးတော့ မေတ္တာသုတ်ရွတ်ပြီးတော့ လမ်းလျှောက်ထွက်ကြဖို့ တိုက်တွေမှာ လိုက်ကပ်ထားတာ။"

ဘယ်စာသင်တိုက်တွေ လိုက်ကပ်ထားတာလဲ ဘုရား။

"အနောက်တိုက်တို့ အရှေ့တိုက်တို့ အလယ်တိုက်တို့ ဗောဓိမဏ္ဍိုင်တို့ ဒီပြင်ကျောင်းတွေ ဘေးကျောင်းတွေရောပေါ့။"

ကျောင်းတိုက် ဘယ်နေရာတွေမှာ ကပ်တာလဲ ဘုရား။

"ကျောင်းတိုက် ဟိုဟာပေါ့ ကျောင်းကြီးတွေရဲ့ ဘလက်ဘုတ်ရှိတယ်လေ။ ကြော်ငြာ ဘလက်ဘုတ်တွေမှာ ကပ်ထားတာတို့ ကုဋီမှာ ကပ်ထားတာတို့ အဲလိုမျိုးနေရာတွေမှာပေါ့။"

တင်ပဲ့ဘုရား၊ အဲဒီစာရွက်တွေကို နောက်ဆုံးတော့ ဘယ်သူတွေ လာဖြုတ်သွားလဲ ဘုရား။

"ဘယ်သူတွေ လာဖြုတ်သွားလဲတော့ သတိမထားမိလိုက်ဘူး။ နောက်ပိုင်းကျတော့ ကြာသွားတော့ မရှိတော့ဘူး။ ဘယ်လူ ဖြုတ်သွားမှန်းကို မသိဘူး အလစ်ဖြုတ်သွားတာပေါ့။"

အာဏာပိုင်တွေက ကြည့်ပြီးတော့ လာပြီးတော့ ဖြုတ်သွားတာတို့ ရှိလားဘုရား။

"မရှိပါဘူး။ တိုက်ထဲတော့ အဲလို လာမမေးပါဘူး။ မေးလဲ မမေးရဲပါဘူး။ မေးမြန်းတာလဲမရှိပါဘူး။ ဖြုတ်တာလဲ မရှိပါဘူး။"

တင်ပဲ့ဘုရား။ ဒီစာတွေနဲ့ ပတ်သက်ပြီးတော့ အရှင်ဘုရားတို့အနေနဲ့ ဘယ်လိုမျိုး စဉ်းစားဆုံးဖြတ်လဲဘုရာ့။

"ဦးဇင်းတို့ကတော့ အပြင်ဖက်ထွက်ဖို့ (၉၉) ရာခိုင်နှုန်းလောက် ရှိပါတယ်။ အခု မစ္စတာဂမ်ဘာရီရဲ့ အခြေအနေစောင့်ကြည့်နေတာဆိုတော့ အခုလောလောဆယ်တော့ သိပ်ထွက်ဖို့မရှိသေးဘူးပေါ့။ ဒီလပိုင်းတော့ အခြေအနေမထူးဘူးဆိုရင်တော့ ဆက်ပြီးတော့ တနိုင်ငံလုံး အတိုင်းအတာအနေနဲ့ လှုပ်ရှားဖို့ ဦးဇင်းတို့ဖက်က အဆင်သင့်ရှိပါတယ်။"

တင်ပဲ့ဘုရား။ အရှင်ဘုရားအနေနဲ့ တခြား ဘာများ ပြောချင်တာရှိမလဲ ဘုရား။

"ဦးဇင်းတို့ မြန်မာနိုင်ငံ တနိုင်ငံလုံးရှိ သံဃာတွေ ပြည်သူလူထုအားလုံး မစ္စတာဂမ်ဘာရီရဲ့ အခြေအနေ မထူးဘူးဆိုရင် အားလုံးတပြိုင်နက် လှုပ်ရှားဖို့ ဦးဇင်းအနေနဲ့ ပြောကြားလိုပါတယ်။" ■

## အဖမ်းအဆီးကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများကို ဒုက္ခသည် လက်မှတ်ရရှိရန် ကူညီဆောင်ရွက်ပေး

*ဗွီအိုအေ၊ ၆ နိုဝင်ဘာလ၊ ၂၀၀၇*

မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းစွာဆန္ဒပြပွဲတွေကို စစ်အစိုးရက အကြမ်းဖက်ဖြိုခွင်းပြီးနောက်ပိုင်း ဆန္ဒပြရာမှာ ပါဝင်ခဲ့သူတွေကို လိုက်လံဖမ်းဆီးမှုတွေ ဆက်လက်ပြုလုပ်နေတာကြောင့် ထိုင်း–မြန်မာနယ်စပ်ကို တိမ်းရှောင် ထွက်ပြေးလာတဲ့လူတွေ တစတစ များပြားလာနေပါတယ်။ သူတို့တွေရဲ့ နေရေးထိုင်ရေးအခြေအနေ၊ ဘယ်လိုအဖွဲ့ အစည်းတွေက ဘယ်လိုအကူအညီတွေပေးနေတယ်ဆိုတာ ဒေါ်ခင်မျိုးသက်က မေးမြန်း တင်ပြထားပါတယ်။

ထိုင်းနိုင်ငံကို လတ်တလောမှာ ထွက်ပြေးလာသူတွေနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ (UNHCR) က ပြောခွင့်ရအမျိုးသမီး ကစ်တီမက်ကင်ဇီကို ဗွီအိုအေက ဆက်သွယ်မေးမြန်းကြည့်တဲ့ အခါမှာတော့ ...

"စက်တင်ဘာလကုန်ကတည်းကစပြီး (UNHCR) ကို ဒုက္ခသည်အဖြစ်လက်ခံဖို့ လာပြီးလျှောက်တဲ့သူ ၈၉ ဦးရှိပါတယ်။ ကျွန်မတို့က သူတို့ဆီက အချက်အလက်တွေယူထားပြီး (UNHCR) မှာ ဒုက္ခသည် အဖြစ်လျှောက်ထားခဲ့ကြောင်း လက်မှတ်တွေထုတ်ပေးပါတယ်" လို့ ပြောသွားပါတယ်။

လက်ရှိထိုင်းနိုင်ငံမှာရောက်ရှိနေတဲ့ မြန်မာဒုက္ခသည်တွေရဲ့ အနေအထားနဲ့ ပတ်သက်ပြီးတော့လည်း အခုလို ဆက်ပြောပါတယ်။

"မြန်မာနိုင်ငံကနေလာရောက်တဲ့ ဒုက္ခသည်ပေါင်း ၁၄၀၀၀၀ လောက်ဟာ ထိုင်း–မြန်မာနယ်စပ်က ဒုက္ခသည်စခန်း ၉ ခုမှာ ရှိနေပါတယ်။ ဒီစခန်းတွေကို ထိုင်းရဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ယာယီစခန်းတွေအနေနဲ့ ခိုလှုံနိုင်ခွင့် ဖွင့်ပေးထားတာပါ။ ဒီစခန်းတွေမှာ ရှိသင့်တဲ့ လူအရေအတွက်ထက် ပိုပြီးနေပါတယ်။ ယာယီဝါးတဲလေးတွေမှာ နေနေရပြီး အပြင်ထွက်ပြီး အလုပ်လုပ်ခွင့်၊ ပညာသင်ခွင့် မရှိပါဘူး။ ခြုံပြီးကြည့်ရင် အလုပ်အကိုင်ကမရှိ၊ စခန်းထဲမှာထိုင်ပြီး ငြီးငွေ့နေကြတာပါ။ (UNHCR) က သူတို့တတွေ စခန်းအပြင်ထွက် အလုပ်လုပ်ဖို့၊ စာသင်ဖို့ အတွက် ထိုင်းအစိုးရက လက်မှတ်တွေထုတ်ပေးတာ ဒီ့ထက်ပိုပြီး လွတ် လွတ်လပ်လပ်နေနိုင်တာကို မြင်ချင်ပါတယ်" လို့ မစ္စမက်ကင်ဇီက ပြောခဲ့ပါတယ်။

အခုလို (UNHCR) က မြန်မာဒုက္ခသည်တွေအရေး ဆောင်ရွက်နေချိန်မှာပဲ မြန်မာနိုင်ငံထဲကနေ ထိုင်းနိုင်ငံကို ရှောင်တိမ်းထွက်ပြေးလာကြသူတွေကို စောင့်ရှောက်နေတဲ့အဖွဲ့အစည်းတွေလည်း ထိုင်းနိုင်ငံမှာ အများအပြား ရှိနေပါတယ်။ ဒီအထဲက စက်တင်ဘာအရေးအခင်း

နောက်ပိုင်း ရောက်လာသူတွေကို စောင့်ရှောက်နေတဲ့ အဲန်အယ်လ်ဒီ (အယ်လ်အေ) အဖွဲ့က ဦးမြင့်စိုးကို မေးကြည့်ပါတယ်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ လူမှုရေးနဲ့ သူတို့ မြန်မာနိုင်ငံထဲကထွက်လာတဲ့လူတွေကို အကူအညီပေးဖို့အတွက် ကျွန်တော်တို့ ကော်မတီလေးတရပ်ဖွဲ့ပါတယ်။ သူတို့ နေတာ၊ ထိုင်တာ၊ စားတာ၊ သောက်တာအတွက် အဆင်ပြေအောင်၊ နောက် သူတို့ လုံခြုံရေးအဆင်ပြေအောင်လို့ တတ်နိုင်တဲ့အကူအညီလေးတွေပေးမယ်လို့ စဉ်းစားပြီးတော့ ကျွန်တော်တို့ အဲန်အယ်လ်ဒီ (အယ်လ်အေ) အနေနဲ့ ကော်မတီလေးဖွဲ့တာပါ။ အဲန်စီယူဘီက ဒီ့ထက်ပိုပြီးတော့ တိုးချဲ့ပြီးတော့ ဆောင်ရွက်သင့်တယ်လို့ အကြံ ဉာဏ်ပေးတာနဲ့ ကျွန်တော်တို့ သက်သေခံချက်များစုစည်းရေးကော်မရှင်ဆိုပြီးတော့ တခြားအဖွဲ့အစည်းတွေနဲ့ ပေါင်းဖွဲ့တာမျိုး ရှိပါတယ်။

"အခုနောက်ဆုံးကတော့ အထဲကထွက်လာတဲ့ လူတွေဆီကနေပြီးတော့ သက်သေခံချက်တွေ၊ သူတို့ကိုယ်တိုင် တွေ့ရတဲ့၊ ကြုံရတဲ့၊ ခံစားရတဲ့ ကိုယ်တွေ့ကြုံရတဲ့ အဖြစ်အပျက်တွေကို ကျွန်တော်တို့ကနေပြီးတော့ မှတ်တမ်းတင်ပြီးတော့ စုစည်းထားတယ်။ အဲဒါတွေကို ကော်မရှင်အနေနဲ့ ကျွန်တော်တို့ ထုတ်ပြန်ဖို့ အစီအစဉ်ရှိပါတယ်"

အခုထွက်လာတဲ့သူတွေရဲ့ဥန နောက်ဆုံးအခြေအနေလေး ပြောပြပေးပါ။ ဘယ်သူတွေက သူတို့ကို စောင့် ရှောက်ထိန်းသိမ်းထားလဲ၊ ဘယ်မှာနေလဲ၊ သူတို့ရဲ့စားဝတ်နေရေးပေ့ါလေ၊ အဲဒါလေး နည်းနည်းပြောပြပေးပါ။

"ကျွန်တော်တို့ဆီကို အဖွဲ့အစည်းတွေကသော်လည်းကောင်း၊ ပုဂ္ဂိုလ်ဆိုင်ရာ မိတ်ဆွေများကသော်လည်းကောင်း သတင်းပို့တယ်ဆိုရင် ကျွန်တော်တို့က သူတို့ကို သွားတွေ့ပါတယ်။ တွေ့ပြီးတော့ အဲဒီလူဟာ ရွှေဝါရောင်တော်လှန်ရေးမှာ ပါဝင်ခဲ့ခြင်းရှိမရှိဆိုတဲ့ဟာကို ကျွန်တော်တို့ ပဏာမမေးမြန်းတာ ရှိပါတယ်။ ဒီတော်လှန်ရေးမှာ ပါဝင်ခဲ့ခြင်းရှိမရှိ၊ ပြီးတော့ ဘယ်လောက်အတိုင်းအတာအထိ ပါဝင်ခဲ့သလဲ၊ ဘယ်လိုညှဉ်းပန်းနှိပ်စက်ခံရလဲဆိုတဲ့ ဟာမျိုးတွေ၊ ဘယ်လိုမျိုး အခက်အခဲတွေရှိခဲ့လဲဆိုတဲ့ဟာကို ကျကျနန မေးပြီးတော့မှ ကျွန်တော်တို့က လက်ခံတာဖြစ်ပါတယ်။

"သူတို့ထွက်ပြေးလာရတာ ဟုတ်မှန်တယ်ဆိုရင် ကျွန်တော်တို့က ဒီမှာရှိတဲ့ ယူအန်အဖွဲ့အစည်းကို ညှိနှိုင်းထားတာရှိပါတယ်။ သူတို့ကို ယူအန်ကိုခေါ်ပြီးတော့ ဒီမှာ ဒုက္ခသည်ဆိုင်ရာအဖြစ် ယူအန်အသိ အမှတ်ပြုလက်မှတ်ရအောင် လုပ်ပေးပါတယ်။ ပြီးတဲ့အခါကျတော့ ကော်မရှင်ကနေပြီး အမျိုးသားသတ်သတ်၊ အမျိုးသမီးသတ်သတ်ခွဲခြားပြီး နေရာစီစဉ်ထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့တတ်နိုင်တဲ့ဟာကို ဖျာတို့ ခေါင်းအုံးတို့ သူတို့လိုအပ်တဲ့ ပစ္စည်းတွေကို စီစဉ်ဆောင်ရွက်ပေးပြီးတော့ အစားအသောက်ကိုလည်း အဲဒီမှာပဲ တနေ့ကို တယောက်ကို ဘယ်လောက်နှုန်းနဲ့ဆိုပြီးတော့ သင့်တင့်လျောက်ပတ်တဲ့နှုန်းနဲ့ သတ်မှတ်ပြီးတော့ နေရေးထိုင်ရေး၊ စားရေးသောက်ရေး အဲဒါတွေကို ကျွန်တော်တို့က စီစဉ်ပေးတာရှိပါတယ်"

အခု စုစုပေါင်း ဘယ်နှစ်ဦးလောက် UNHCR ကနေ လက်ခံထားပါပြီလဲ။

"လက်ရှိ ကျွန်တော်တို့စောင့်ရှောက်နေတဲ့လူဦးရေကတော့ အမျိုးသားရော၊ အမျိုးသမီးရော အယောက် ၃၀ ကျော်လောက်ရှိပါတယ်"

အားလုံးပေါင်း အခုလို အစိုးရက ဖမ်းမှာဆီးမှာစိုးလို့ ထွက်လာတဲ့သူ စုစုပေါင်း ဘယ်နှစ်ယောက်လောက် ရှိပါသလဲ။

"ကျွန်တော်တို့ ဒီဒေသမှာကတော့ ၇၀ လောက်ရောက်နေပြီလို့တော့ သိရပါတယ်။ ကျွန်တော် တို့ဆီမှာ လူတန်းစားကတော့ မျိုးစုံပါပဲ။ ဆရာဝန်တွေပါတယ်၊ ကျွမ်းကျင်တဲ့ပညာရှင်တွေပါတယ်၊ စာရေးဆရာ စသဖြင့်ပေ့ါလေ၊ နောက် ကျောင်းတက်နေတဲ့ ကျောင်းသားကျောင်းသူ အဆင့်အမျိုးစုံပါပဲ"

ဦးမြင့်စိုးတို့အဖွဲ့ဥနကို ထောက်ပံ့ကူညီပေးတဲ့အဖွဲ့တွေရော ရှိပါသလား၊ ဘယ်လိုစီစဉ်ဆောင်ရွက်နေပါသလဲ။

"ပထမ မတည်တာကတော့ ကျွန်တော်တို့ အဲန်အယ်လ်ဒီ (အယ်လ်အေ)က တတ်နိုင်တဲ့ငွေလေးနဲ့၊ ရှိတဲ့ငွေလေးနဲ့ မတည်မယ်ဆိုပြီးတော့ မတည်တာပါ။ အမေရိကားမှာရှိနေတဲ့ (Burma Fund) ဆိုတဲ့အဖွဲ့ကနေပြီးတော့ ပိုက်ဆံတချို့ ကူညီပါတယ်။ ဒီမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းတချို့က နိုင်ငံရေးနဲ့မဆိုင်တဲ့ကိစ္စမျိုးတွေကို ကူညီပေးလို့ရတယ်၊ သူတို့က ပို့ဆောင်ဆက်သွယ်ရေးနဲ့ပတ်သက်ပြီးတော့ ကူညီပေးလို့ရတယ်ဆိုပြီးတော့ အဲလို အစိတ်အပိုင်းအလိုက် ကူညီပေးတာရှိပါတယ်။ အဲန်စီယူဘီကနေပြီးတော့ တချို့ဟာတွေ ငွေလိုတယ်ဆိုပြီးတော့ သူတို့ဆီက ကျွန်တော်တို့တောင်းတာမျိုးလည်းရှိပါတယ်"

အခုလို ထိုင်းနိုင်ငံဘက်ကို မြန်မာနိုင်ငံဘက်က ဒုက္ခသည်တွေ ထွက်ပြေးရောင်တိမ်းနေကြသလိုပဲ ဒီရက်ပိုင်းထဲမှာ မြန်မာနိုင်ငံနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲကို မြန်မာနိုင်ငံထဲက သံဃာတော်တွေ ထွက်လာနေဆဲပဲလို့ ဘင်္ဂလားဒေ့ရှ်နယ်စပ် သတင်းရပ်ကွက်တွေက ပြောပါတယ်။ ■

---

## ထွက်ပြေးတဲ့ ရဲက ပြေး၊ သတ်သေတဲ့ ရဲက သတ်သေ

*ဒီဗွီဘီ ၊ ၉ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွင်း ရဲတပ်ပြေးတွေ များလာနေသလို၊ သတ်သေသူတွေ ထူးဆန်းစွာ သေဆုံးမှုတွေ ဖြစ်ပေါ်နေတယ်လို့ ပဲခူးတိုင်းအရံ ရဲတပ်ရင်း အရာရှိတဦးက ပြောပါတယ်။ အခုလ (၈) ရက်နေ့က တိုင်းအရံတပ်ဖွဲ့က ဒုတပ်ကြပ် ဝင်းကိုဦးဟာ အိပ်ယာထဲမှာ ထူးဆန်းစွာသေဆုံးခဲ့တယ်လို့ သူကပြောပါတယ်။

ဝင်းကိုဦးဟာ အခုလ (၇) ရက်နေ့ညက ပဲခူးမြစ်ကူးတံတားလုံခြုံရေးတာဝန်ယူအပြီး မြို့ပေါ်တဲးခိုခန်းတခုကို သွားရောက်အနားယူတယ်ဆိုပါတယ်။ နောက်ရက်မှာ အဲဒီတဲခိုခန်းအိပ်ခန်းထဲမှာပဲ တစုံတရာ ဒဏ်ရာရတာမတွေ့ရပဲ သေဆုံးနေတာမြင်ခဲ့ရတယ် ပြောပါတယ်။ လောလောဆယ် ပဲခူးဆေးရုံကြီးကိုပို့ထားပြီး ဆေးစစ်ချက် စောင့်ဆိုင်းနေတယ်လို့လဲ သူကပြောပါတယ်။

မန္တလေး အခြေစိုက် ရဲတပ်ရင်း (၁၄) က တပ်သားမြင့်ဦးအပါ အဝင် (၃) ဦးဟာလဲ မြို့ပေါ် လုံခြုံရေး တာဝန် ယူနေစဉ်မှာ အခုလ (၆) ရက်နေ့ကတည်းက ပျောက်ဆုံး သွားတယ်လို့ မန္တလေးတိုင်းရဲတပ်ဖွဲ့ဝင် တဦးကလဲ ပြောပါတယ်။

တပ်က ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်လို့ သူက သုံးသပ်ပါတယ်။ မော်လမြိုင် အခြေစိုက် ရဲတပ်ရင်း (၁၅) က တပ်သားမျိုးကြည်စိုး အပါအဝင် (၃) ဦးဟာလဲ အခု လ (၈) ရက်နေ့ကတဲက ပျောက်ဆုံးနေတယ်လို့လဲ သူကပြောပါတယ်။

အဲဒီပျောက်ဆုံးနေတဲ့ ရဲတပ်သားတွေဟာ မကြာသေးခင်ကမှ မန္တလေးရဲတပ်ရင်း (၁၄) က ပြောင်းရွှေ့ သွားသူတွေဖြစ်လို့ ထူးဆန်းနေတယ်လို့လဲ ဒီဗွီဘီကို ပြောပြသွားပါတယ်။ ■

---